http:\\www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

အောင်ဓမ္မပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၈၄၁၉၃, ၀၉-၅၁၄၆၀၉၅

http:\\www.dhammadownload.com

အမှတ်-၁၀၁၄

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မိတ်ကောင်း ဆွေကောင်း

http:\\www.dhammadownload.com

Lotus Group

Ma Cht

## ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မိတ်ကောင်း ဆွေကောင်း

http:\\www.dhammadownload.com

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်) သသန-၁၀ အရ
၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

**ထုတ်ဝေသူ**
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

**မျက်နှာဖုံးဒီဇိုင်း၊ အတွင်းဖလင်နှင့်ပုံနှိပ်**
**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ် ၁၅၂၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

http:\\www.dhammadownload.com

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅)ရက်၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ တိုင်းရင်းသားများ ဖွံ့ဖြိုးရေး ပရဟိတကျောင်းကျောင်း၊ အော်ဘွန်ဟော အော်ဘွန်ပါ ဓမ္မဗိမာန်တော်ကြီးအတွင်းဝယ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ညဥ့်ဦးယံ ဓမ္မသဘင် အခမ်းအနားဝယ် နှစ်ဖက်သော မိဘများကို အမှူးထား၍ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်ခွဲ၊ တေးနုယဉ်လမ်း၊ အမှတ် ၄၅ နေ ဦးသောင်းဌေး+ဒေါ်ခင်စောဝင်း၊ သား မောင်မင်းသောင်းခန့်၊ ကျော်ညီညီခန့် မိသားစုတို့၏ အမတဒါန, ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော "**မိတ်ကောင်း ဆွေကောင်း**" တရားဒေသနာတော်။

http:\\www.dhammadownload.com

# နိဒါန်း

ဤစာအုပ်သည် ဟောတရားကို အသံမှစာလုံး အဖြစ် ကူးပြောင်းဖလှယ်ကာ တည်းဖြတ်ရေးသား အပ်သော စာအုပ်ဖြစ်သည်။

လူသည် မွေးလာသည်မှစ၍ အပေါင်းအသင်း ဖြင့် နေလေ့ရှိသည်။ အပေါင်းအသင်းများကို **'သဟာယ'** (သို့မဟုတ်) **'မိတ္တ'** ဟုခေါ်၏။ အပေါင်း အသင်းများသည် လူတစ်ယောက်၏ ဆိုးကျိုး, ကောင်းကျိုးများကို ဖော်ဆောင်တတ်ကြ၏။ အပေါင်းအသင်းကြောင့် လူ့ဘဝမှာ ကြီးပွား တိုးတက်မှု ရရှိကြသလို ဆုတ်ယုတ်ပျက်စီးမှု ကိုလည်း ရရှိတတ်ကြ၏။

သို့ဖြစ်၍ ကြီးပွားတိုးတက်လိုသူတိုင်း အပေါင်း အသင်းကို ရွေးချယ်ပေါင်းသင်းကြ၏။ အကျိုးပြု အပေါင်းအသင်းများကို 'မိတ်ကောင်း ဆွေကောင်း'

http:\\www.dhammadownload.com

ဟု ခေါ်ကြ၏။ အဘယ် ပုဂ္ဂိုလ်များသည်သာ မိတ်ကောင်းဆွေကောင်း ဖြစ်နိုင်ကြောင်း ဗုဒ္ဓ မြတ်စွာက **သိင်္ဂါလောဝါဒသုတ္တန်** ၌ ဟောကြား ထားသည်။ မြတ်ဗုဒ္ဓ၏ တရားဒေသနာများကို အခြေခံ၍ ဤစာအုပ်၌ **"မိတ်ကောင်းဆွေကောင်း"** များကို ဖော်ပြထားသည်။

မိတ်ဆွေ အတုများကို သတိထားလျက် မိတ်ကောင်းဆွေကောင်းများနှင့်သာ လက်တွဲကာ ဘဝခရီးလမ်း လျှောက်လှမ်းနိုင်ကြပါစေ။

မေတ္တာအသိ ရှိလျက်နေမည်
**အရှင်နန္ဒမာလာဘိဝံသ**

http:\\www.dhammadownload.com

http:\\www.dhammadownload.com

# မိတ်ကောင်း ဆွေကောင်း

"လောကမှာ မိတ်ကောင်း ဆွေကောင်း ရှိဖို့ လိုတယ်" လို့ လူတွေက ပြောလေ့ရှိကြတယ်။ သို့သော် မိတ်ကောင်းဆွေကောင်းဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးသာ မိတ်ကောင်း ဆွေကောင်းလဲဆိုတာ သိဖို့ အရေးကြီးတယ်။ မိတ်ကောင်းဆွေကောင်းရဲ့အဓိပ္ပာယ်ကို ဖော်ထုတ်တဲ့အခါမှာ လွဲချော်မှုတွေ ရှိကောင်းရှိနိုင်တယ်။ သို့မဟုတ် မိတ်ကောင်းဆွေကောင်းကို သရုပ်ဖော်တဲ့အခါမှာ မပြည့်မစုံဖြစ်တာတွေ ရှိနိုင်တယ်ပေါ့။

http:\\www.dhammadownload.com



မိတ်ကောင်း ဆွေကောင်း လိုအပ်တယ်ဆိုတာကိုတော့ လူတိုင်းလက်ခံတယ်။ ဘယ်လိုပုဂ္ဂိုလ်မျိုးဟာ မိတ်ကောင်းဆွေကောင်းလဲ ဆိုတာကျတော့ လူတိုင်းမသိနိုင်ဘူးပေါ့။

မိတ်ကောင်း ဆွေကောင်း လိုအပ်တယ်ဆိုတာ ဘယ်အတိုင်းအတာအထိ လိုအပ်သလဲဆိုတာ သိရအောင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေကို လေ့လာကြည့်ကြရမယ်။

ဘဝကြီးပွားတိုးတက်ရေးအတွက် မိတ်ကောင်း ဆွေကောင်း လိုအပ်တာပဲ။ ဘဝသံသရာဝဋ်မှ လွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုဖို့အတွက်လည်း မိတ်ကောင်း ဆွေကောင်း လိုအပ်တာပဲ။ လောကီရေးကိစ္စမှာဖြစ်ဖြစ်၊ လောကုတ္တရာ

http:\\www.dhammadownload.com



ရေးကိစ္စမှာဖြစ်ဖြစ် မိတ်ကောင်း ဆွေကောင်းဟာ အင်မတန်မှအရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိတယ်။

## ကြီးပွားတိုးတက်ဖို့ အင်္ဂါနှစ်ရပ်

မြတ်စွာဘုရားက ကြီးပွားတိုးတက်ဖို့အတွက် အင်္ဂါနှစ်ချက် ဖော်ပြထားတာရှိတယ်။ လောကသံသရာ နှစ်ဖြာ ကြီးပွားရေးအတွက် -

(၁) မိတ်ကောင်းဆွေကောင်း ရှိရမယ်။ ဒါက အပြင်ဘက်က အကြောင်းတရား External Condition ပေါ့။

နောက်တစ်ခုက -

(၂) **ယောနိသော မနသိကာရ** - မှန်မှန်ကန်ကန် နှလုံးသွင်းဆင်ခြင်တတ်မှု။ ဒါက အတွင်းဘက် အကြောင်းတရား Internal Condition ပေါ့။ အပြင်အကြောင်းတွေက ဘယ်လောက် ကောင်း

http:\\www.dhammadownload.com



ကောင်း ယောနိသော မနသိကာရ ဆိုတဲ့ အတွင်း အကြောင်း Internal Condition မကောင်းဘူး ဆိုရင် ကြီးပွားတိုးတက်မှု မရနိုင်ဘူး။ အတွင်း အပြင် ဘက်စုံကောင်းဖို့ လိုအပ်တယ်လို့ မြတ်စွာ ဘုရားက ဟောတယ်။

**အတွင်းနဲ့အပြင် အကြောင်းနှစ်ခု**

နေရာတိုင်းမှာ မြတ်စွာဘုရားဟာ အကြောင်း ကို နှစ်ခုနှစ်ခု ဟောလေ့ရှိပါတယ်။ သေသေချာချာ သတိထားကြည့်ရင် သိနိုင်တယ်။ Extenal Condition, Internal Condition - အပြင်ဘက် က အကြောင်းတရား၊ အတွင်းဘက်က အကြောင်း တရား။ အတွင်းနဲ့အပြင် ဒီအကြောင်းနှစ်ခု ပေါင်းစပ်ပြီးမှ အကျိုးတရား ထုတ်လုပ်လို့ရတယ်။ ဒါ သိပ်သဘာဝကျတယ်။

http:\\www.dhammadownload.com



ဆိုပါစို့၊ ဘုန်းကြီးတို့တစ်တွေ နေ့စဉ်စားနေတဲ့ အစာအာဟာရပဲ ကြည့်လေ။ ခန္ဓာကိုယ်က ကျန်းမာမှုလို့ ကံကြောင့်ဖြစ်တဲ့ 'ဩဇာ'လို့ ခေါ်ရတဲ့ အတွင်း အာဟာရရုပ်က အခြေအနေကောင်းဖို့ လိုတယ်။ အပြင်ဘက်က စားလိုက်တဲ့ အစာထဲမှာ ပါလာတဲ့ ဗဟိဒ္ဓဩဇာကလည်း ကောင်းဖို့လိုတယ်။ အဇ္ဈတ္တဩဇာ Internal nutriment, ဗဟိဒ္ဓဩဇာ External nutriment, အဲဒီနှစ်ခု ပေါင်းစပ်လိုက်တဲ့ အခါကျတော့မှ ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တယ်။

ဒါကြောင့်မို့ အပြင်အစားအစာလည်း လိုအပ်တယ်။ အတွင်းက ကျန်းမာရေး အခြေအနေကောင်းဖို့လည်း လိုအပ်တယ်။ ကျန်းမာရေး အခြေအနေမကောင်းတဲ့ ပုဂ္ဂိုလ်ကို ဘယ်လောက် အစာကျွေးနေနေ တိုးတက်ကောင်းမွန်လာမှာ မဟုတ်

http:\\www.dhammadownload.com



ဘူးနော်။ အေး . . . အဲဒါကြောင့်မို့ အတွင်းအပြင် နှစ်မျိုး နေရာတကာမှာ လိုအပ်တယ်ဆိုတာ အင်မတန်မှ လက်တွေ့ကျတယ်။ ထို့အတူပဲ အပြင်ဘက်က မိတ်ကောင်းဆွေကောင်း ရှိရမယ်။ အတွင်းလူကိုယ်တိုင် မှန်ကန်တဲ့ နှလုံးသွင်းတရား ရှိရမယ်။ အဲဒီနှစ်ခု ပေါင်းစပ်ပြီဆိုရင် ကောင်းကျိုး ချမ်းသာတွေ ရနိုင်တယ်။

အပြန်အားဖြင့် နားလည်ရမှာက အပြင်ဘက်က မိတ်ကောင်းဆွေကောင်းမရှိဘူး၊ကိုယ်ကိုယ်တိုင်ကလည်း **ယောနိသော မနသိကာရ** လို့ခေါ်တဲ့ မှန်ကန်စွာ တွေးတောဆင်ခြင်တတ်မှု မရှိဘူးဆိုရင် အကျိုးဆုတ်ယုတ်လိမ့်မယ်ပေါ့။

မကောင်းကျိုးတွေဖြစ်ဖို့ အခြေခံအားဖြင့် ဒီအကြောင်းတရားတွေပဲ။ ကောင်းကျိုးတွေ ရဖို့ဟာလည်း အခြေခံအားဖြင့် ဒီအကြောင်းနှစ်ခုပဲ။

http:\\www.dhammadownload.com



အတွင်းနဲ့အပြင် အကြောင်းတရားနှစ်ရပ် ပေါင်းစပ်ပြီးတဲ့အခါမှ အကျိုးတစ်ခုဖြစ်ပေါ်တာ။ "မိစ္ဆာဒိဋ္ဌိဖြစ်မှု၊ သမ္မာဒိဋ္ဌိဖြစ်မှု" နဲ့ ပတ်သက်ပြီး တော့လည်း မြတ်စွာဘုရားက ဒီလိုပဲဟောထားတာ ရှိတယ်။

## မိစ္ဆာဒိဋ္ဌိဖြစ်မှုနဲ့ သမ္မာဒိဋ္ဌိဖြစ်မှု

နမူနာယူပြီး ကျယ်ကျယ်ပြန့်ပြန့် နားလည်ဖို့ အတွက် ပြောကြရအောင်။ လူတစ်ယောက် အတွေးအခေါ်တွေ မှားသွားအောင်၊ အယူအဆ တွေ မှားသွားအောင်၊ မှားယွင်းတဲ့ အတွေးအခေါ် တွေ ရသွားအောင် အကြောင်းဘယ်နှစ်မျိုး ရှိလဲ ဆိုရင် နှစ်မျိုးရှိတယ်တဲ့။

**ပရတောဃောသ** = သူတစ်ပါးထံမှ ဟောပြော ပို့ချတဲ့ အသံတွေ၊ ဒါ အပြင်ဘက်က အကြောင်း

http:\\www.dhammadownload.com



တရားပဲ။ **အယောနိသော မနသိကာရ** = ကိုယ်တိုင်က မှန်မှန်ကန်ကန် ဆင်ခြင်နှလုံးသွင်းမှု မရှိဘူး၊ အတွင်းပိုင်းဆိုင်ရာအကြောင်း၊ အပြင်ဘက်ကလည်း မမှန်ကန်တဲ့ ဟောပြောချက်တွေကို နားထောင်မယ်။ ကိုယ့်ရဲ့ အတွင်းနှလုံးသွင်းမှုကလည်း မှန်ကန်မှုမရှိဘူးဆိုရင် ဒီပုဂ္ဂိုလ်ဟာ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတာပဲ။ ဒါ မိစ္ဆာဒိဋ္ဌိဖြစ်ခြင်း အကြောင်းပဲ။

**သမ္မာဒိဋ္ဌိ** – မှန်ကန်တဲ့အမြင်ရဖို့ ဆိုတဲ့နေရာမှာလည်း အတွင်းအကြောင်းနဲ့ အပြင်အကြောင်း နှစ်ခု ပေါင်းစပ်ထားတာပဲ။ **ပရတောဃောသ**– မှန်မှန်ကန်ကန် ဟောပြောပို့ချတဲ့ တရားဓမ္မအသံကို ကြားနာမှုက အပြင်အကြောင်း၊ **ယောနိသော မနသိကာရ** – အသိဉာဏ်နဲ့ ဆင်ခြင်စဉ်းစားနိုင်မှုက အတွင်းအကြောင်း။ အဲဒီအကြောင်းနှစ်ခု

http:\\www.dhammadownload.com



ပေါင်းစပ်လိုက်တဲ့အခါ **သမ္မာဒိဋ္ဌိ** လို့ခေါ်တဲ့ မှန်ကန်တဲ့အမြင်တစ်ခု ရရှိလာနိုင်တယ်။

**အရှင်သာရိပုတ္တရာ သောတာပန်ဖြစ်ပုံ**

အရှင်သာရိပုတ္တရာ မထေရ်မြတ် သောတာပန် ဖြစ်ပုံကြည့်ဦး။ သူ့ဘာသာသူဖြစ်သွားတာ မဟုတ်ဘူး။ အရှင်သာရိပုတ္တရာ အလောင်းဟာ ပင်ကိုယ် အနေအထားက အင်မတန်ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ပဲ။ ရဟန်းဖြစ်လာမှ ဉာဏ်ထက်တာ မဟုတ်ဘူး။ မွေးကတည်းက Interlligent ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ပဲ။ သို့သော် အပြင်ဘက်က အကြောင်း တစ်ခု လိုနေသည့်အတွက်ကြောင့် အမှန်တရားကို လိုက်ရှာတာ အတော်ကြာအောင် မတွေ့နိုင်ဘူး။

ကြည့် . . . . . ဘာကြောင့်လဲ၊ အတွင်း အကြောင်း ရှိသော်လည်း အပြင် အကြောင်း

http:\\www.dhammadownload.com



တရားက အထောက်အပံ့မပေးသေးဘူး။ အရှင်အဿဇိနဲ့ တွေ့တဲ့အခါ ဗုဒ္ဓဝါဒကို အကျဉ်းချုပ်ပြီး ယခုလို ရှင်းပြလိုက်တယ်။

**"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော"**

"သဘာဝတရားတွေဟာ အကြောင်းကို အခြေခံတာဖြစ်တယ်။ အဲဒီ တရားတွေရဲ့ အကြောင်းရင်း အစစ်မှန်ကို မြတ်စွာဘုရားက ဟောတယ်" အဲဒီအကြောင်းတွေ ချုပ်ငြိမ်းသွားလို့ ရှိရင် အကျိုးတရားတွေ ချုပ်ငြိမ်းသွားတယ် ဆိုတာကိုလည်းပဲ မြတ်စွာဘုရား ဟောတယ်။ ချုပ်ငြိမ်းတဲ့ နည်းလမ်းတွေကိုလည်း ဟောတယ်လို့ သစ္စာလေးပါးကို အကျဉ်းချုပ်လေး ပြောလိုက်တာ ဒုက္ခနဲ့ သမုဒယ ဒီနှစ်ခု နာလိုက်တာနဲ့ အရှင်

http:\\www.dhammadownload.com



သာရိပုတ္တရာ အလောင်းဟာ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားတယ်။

**"ပရတောဃောသ"** လို့ခေါ်တဲ့ မှန်ကန်တဲ့ တရားသံက ပြင်ပအကြောင်းတရား။ မိမိကိုယ်၌က အသိဉာဏ်ရှိတယ်၊ မှန်မှန်ကန်ကန် စဉ်းစားတတ်တယ်ဆိုတဲ့ **ယောနိသော မနသိကာရ** က အတွင်းအကြောင်းတရား External Condition နဲ့ Internal Condition အချိုးညီညီ ပေါင်းစပ်လိုက်တဲ့အခါ သောတာပန်အဆင့် ရောက်သွားတာ။ သံသယတွေ ကင်းသွားတယ်။ မှန်ကန်တဲ့ အမြင်တစ်ခုရသွားတယ်။ အဲဒါဆိုရင် မိတ်ကောင်း ဆွေကောင်းဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာ မထင်ရှားပေဘူးလား။

သံသရာခရီးမှာ လျှောက်လှမ်းနေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် မိတ်ကောင်း ဆွေကောင်း ဆိုတာ

http:\\www.dhammadownload.com



အင်မတန်မှ အရေးကြီးတယ်။ မိတ်ကောင်းဆွေကောင်း အရေးကြီးသလို မိမိကိုယ်တိုင်ကလည်း **ယောနိသော မနသိကာရ** = (Wise attention) မှန်မှန်ကန်ကန်စဉ်းစားတတ်မှု ကိုယ်ပိုင်အသိဉာဏ်ရှိဖို့ကလည်း လိုအပ်သေးတယ်။ အဲဒီအခြေအနေနှစ်ရပ် ဟန်ချက်ညီညီ မိမိတို့သန္တာန်မှာ ရှိပြီဆိုရင် လောကကြီးပွားရေးပဲလုပ်လုပ်၊ သံသရာကြီးပွားရေးပဲလုပ်လုပ်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုဖို့ တရားဓမ္မပဲကျင့်ကျင့် ဒီပုဂ္ဂိုလ်ဟာအောင်မြင်မှာ သေချာတယ်။

အဲဒီတော့ ဘုန်းကြီးတို့တစ်တွေ အကျိုးကိုလိုချင်လို့ရှိရင် အကြောင်းကို ဆည်းပူးရတယ်။ အကျိုးကို မှန်းမျှော်ရုံ မျှော်မှန်းပြီး အကြောင်းတရားကို နားမလည်ဘူးဆိုရင် ရပ့်ါမလား၊ မရဘူး။ အလင်းရောင် လိုချင်လို့ရှိရင် လျှပ်စစ်မီးဖြစ်စေ၊

http:\\www.dhammadownload.com



ဖယောင်းတိုင်မီးဖြစ်စေ တစ်ခုခု ထွန်းရမယ် မဟုတ်လား။ အလင်းရောင် တိုက်ရိုက်ယူလို့ရတာ မဟုတ်ဘူး။ အလင်းရခြင်းရဲ့ အကြောင်းတစ်ခုကို ရှာဖွေရတာပဲ။

ထို့အတူပဲ ကောင်းကျိုးချမ်းသာကို ရချင်ပြီ ဆိုလို့ရှိရင် ကောင်းကျိုးချမ်းသာ ရနိုင်တဲ့ အကြောင်းတရားတွေ လုပ်ဖို့လိုတယ်။ မလုပ်ဘဲနဲ့ ဘာမှဖြစ်မလာဘူး။

လောကလူတွေကြည့်လေ ... မျက်စိက ကောင်းတာ၊ လှတာလေး၊ နှစ်သက်စရာလေး မြင်လိုက်လို့ရှိရင် ဟယ်-မင်္ဂလာရှိလိုက်တာ ပြောကြတယ်မဟုတ်လား။ နားက သာယာတဲ့အသံလေး ကြားလိုက်ရင်လည်း ဟယ်-မင်္ဂလာရှိလိုက်တာ။ ဒါ ဒီကနေ့ လောကလူတွေ ပြောနေကြတဲ့ မင်္ဂလာ နော်။ မြတ်စွာဘုရားက အဲဒီလို မဟုတ်ဘူး။

http:\\www.dhammadownload.com



ကောင်းတာလေး မြင်တာနဲ့ မင်္ဂလာရှိတယ်လို့ မဟောပါဘူး။

ကောင်းတဲ့အသံလေး ကြားရရုံနဲ့ မင်္ဂလာရှိတယ်လို့ မဟောဘူး။ မင်္ဂလာရှိတယ်ဆိုတာ လူမိုက်ကို မပေါင်းတာ မင်္ဂလာရှိတယ်။ ပညာရှိ လူသူတော်ကောင်းကို ပေါင်းသင်းဆက်ဆံတာ မင်္ဂလာရှိတယ်လို့ (၃၈)ဖြာ မင်္ဂလာတရားကို ဟောသွားတာ။ မင်္ဂလာမှန်သမျှ အကြောင်းတရားတွေချည်းပဲ။ ဒါတွေလုပ်လို့ပြောတာနော်။ လုပ်ရမှာနဲ့ မလုပ်ရမှာ ဒီနှစ်ခုပဲ ပြောသွားတာ။

**"အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော"**

မလုပ်ရမည့်ဟာတွေကို ပြောထားတာနော်။ **အာရတိ ဝိရတိ ပါပါ** -မကောင်းတာတွေရှောင်တဲ့။ **မဇ္ဇပါနာ စ သံယမော** – အရက်သေစာ, ဘိယာ ဒါတွေ မသောက်နဲ့တဲ့။

http:\\www.dhammadownload.com



ဟော . . . ကိုယ်ကဒါတွေမရှောင်ဘူး၊ မင်္ဂလာရှိပါ့မလား၊ မရှိနိုင်ဘူး။ မင်္ဂလာဆိုတာ ဘာလဲဆိုရင် ဘဝမှာ အောင်မြင်ကြီးပွားမှုနဲ့ ချမ်းသာသုခ ရရှိမှုဟာ မင်္ဂလာပဲ။ အဲဒီ မင်္ဂလာတွေကို ရချင်ရင် မင်္ဂလာရကြောင်းတရားတွေကို ဆည်းပူးအားထုတ်ရမှာဖြစ်တယ်။

ယခု ဒီမှာလည်းပဲ မိတ်ကောင်းဆွေကောင်းဆိုတာ အကြောင်းတစ်ခုပဲ။ မိတ်ကောင်းဆွေကောင်းနဲ့ ပတ်သက်ပြီး **သံယုတ္တနိကာယ်** သုတ္တန်တစ်ခုမှာ အရှင်အာနန္ဒာ စဉ်းစားကြည့်ပုံပြထားတယ်။ အရှင်အာနန္ဒာ စဉ်းစားပုံက လောကလူတွေ စဉ်းစားပုံနဲ့တူတယ်။

လောကလူတွေ စဉ်းစားတာ ဘယ်လိုစဉ်းစားလဲဆိုရင် အေး . . . ဆရာသမားကလည်း သင်တာပဲ။ ဒါပေမယ့် ငါကိုယ်တိုင်လည်း ကြိုးစား

http:\\www.dhammadownload.com



တယ်။ အဲဒီတော့ ဆရာသမားရဲ့ အထောက်အပံ့က (၅၀)ရာခိုင်နှုန်း။ ငါကိုယ်တိုင်ကြိုးစားတာက (၅၀)ရာခိုင်နှုန်း။ ငါ့ရဲ့ အောင်မြင်ကြီးပွားမှုမှာ ဆရာနဲ့ငါဟာ (၅၀+၅၀) ပဲလို့ ဒီလိုပြောကြတယ်။

တစ်ခါတုန်းက အရှင်အာနန္ဒာ တွေးပုံဟာ လောကလူသားတွေတွေးပုံနဲ့ သွားတူတယ်။ သူက ဘယ်လိုမြွက်စွာဘုရားကို လျှောက်လဲဆိုတော့ "အရှင်ဘုရားတဲ့၊ ဟောဒီ ဗြဟ္မစရိယ-မြတ်သော အကျင့် ကျင့်နိုင်ဖို့၊ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုဖို့ဆိုတဲ့ ကိစ္စမှာ **'ကလျာဏမိတ္တ'** ဆိုတဲ့ မိတ်ကောင်း ဆွေကောင်းဟာ တစ်ဝက်လောက် အကျိုးပြုနိုင်ပါတယ်" ဘုရားကို ဒီလိုလျှောက်တယ်။ (၅၀)ပဲ၊ ရာနှုန်းအပြည့်မဟုတ်ဘူး။ ရာနှုန်း (၅၀)။

http:\\www.dhammadownload.com



အရှင်အာနန္ဒာက အဲဒီလိုလျှောက်တော့ မြတ်စွာဘုရားက မိန့်တယ်။ "အာနန္ဒာ၊ အဲဒီလို မပြောနဲ့" တဲ့။ "မင်းပြောတာ မမှန်ဘူး၊ မဟုတ်ဘူး" တဲ့။ "မြတ်သောအကျင့်ကိုကျင့်ပြီး ထူးခြားတဲ့ တရားဓမ္မကိုရတယ် ဆိုတဲ့ဟာ ရာနှုန်း(၁၀၀) အပြည့်၊ မိတ်ကောင်းဆွေကောင်းတွေရဲ့ အကျိုးပြုမှုပဲ" တဲ့။

မိတ်ကောင်း ဆွေကောင်းက ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိသာပါတယ်။ မြတ်စွာဘုရားက ဘာအထောက်အထားပြတုန်း ဆိုလို့ရှိရင် "ကဲ၊ မင်းစဉ်းစားကြည့် အာနန္ဒာ၊ ငါဘုရားမပွင့်ဘူး ဆိုလို့ရှိရင် အခုလို တရားတွေ သိခွင့်ရပါ့မလား၊ မရဘူး"

ဘုရားပွင့်လို့ တရားဟောလို့ ဒါတွေကို သိရတာဆိုတော့ ဒီ သိရတဲ့အသိဟာ အကုန်လုံး

http:\\www.dhammadownload.com



ဘုရားအပေါ်မှာ ရာနှုန်းအပြည့် တည်နေတာပဲ။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကိုကြည့်လေ။ မိတ်ကောင်းဆွေကောင်းကို ရှာမတွေ့နိုင်သည့်အတွက်ကြောင့် အမတ ဆိုတဲ့တရားကို ရှာတာရှာလို့ မတွေ့ဘူး။ အရှင်အဿဇိ နဲ့ တွေ့တဲ့အခါကျမှ အမတ တရားတွေကို တွေ့တယ်။ ဒါဟာ ရာနှုန်းပြည့် အရှင်အဿဇိရဲ့ အကျိုးပြုမှုပဲပေါ့။ အကယ်၍ အရှင်အဿဇိ မပါဘူး ဆိုလို့ရှိရင် လုံးဝမသိနိုင်ဘူးပေါ့။ အဲဒီတော့ မြတ်စွာဘုရားက မိတ်ဆွေကောင်းဟာ ရာနှုန်းပြည့် အကျိုးပြုတယ်လို့ ဟောတော်မူတယ်။

ဘုရား မပွင့်ဘူးဆိုလို့ရှိရင်၊ ဘုရားရဲ့ တရား မနာရလို့ရှိရင် သံသရာ ဝဋ်ဆင်းရဲထဲမှာ ဒုက္ခရောက်နေကြတဲ့ပုဂ္ဂိုလ်တွေ ဇရာတရားကလည်း မလွတ်နိုင်ဘူး။ မရဏတရားကလည်း မလွတ်နိုင်

http:\\www.dhammadownload.com



ဘူး။ ဘုရားဟောကြားတဲ့ တရားကို နာရတဲ့ အတွက်ကြောင့် ဇရာ၊ မရဏမှ လွတ်ကြရတယ်။ ဒါကြောင့် ရာနှုန်းပြည့် အကျိုးပြုတယ်။

သုတ္တန်တစ်ခုမှာ အရှင်သာရိပုတ္တရာက ဒီစကားမျိုးကို မြတ်စွာဘုရားအား လျှောက်ဖူးတယ်။ အရှင်သာရိပုတ္တရာ ဆိုတာကတော့ မြတ်စွာဘုရား ပြီးရင် ဉာဏ်ပညာအထက်ဆုံးပုဂ္ဂိုလ်။ သူမြင်တာက မြတ်စွာဘုရား မြင်သလိုပဲမြင်တယ်။ လောကလူသားတွေလို မမြင်ဘူး။ မြတ်သော အကျင့်ကို ကျင့်ဖို့၊ တရားထူး တရားမြတ်ရဖို့ ဆိုတဲ့နေရာမှာ **ကလျာဏမိတ္တ** ဟာ လုံးဝရာနှုန်းပြည့် အကျိုးပြုပါတယ်ဘုရားလို့ မြတ်စွာဘုရားကို လျှောက်တော့ မြတ်စွာဘုရားက မှန်တယ်တဲ့။

အဲဒါကိုကြည့်မယ်ဆိုရင် နိဗ္ဗာန်ကို မျက်မှောက်ပြုမယ့်အရေးမှာ **ကလျာဏမိတ္တ** ဆိုတဲ့

4 A

http:\\www.dhammadownload.com



မိတ်ကောင်း ဆွေကောင်းရှိဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ထင်ရှားတယ်။ အင်မတန် မှ အရေးကြီးတယ်လို့ ပြောရမှာပဲနော်။ အဲဒီလို နိဗ္ဗာန်ချမ်းသာလို သံသရာဝဋ်က လွတ်မြောက်တဲ့ ချမ်းသာသုခမျိုးရဖို့ **ကလျာဏမိတ္တ** ဟာ အရေးကြီး သေးတယ်။

ဒီလောက် အရေးပါတဲ့ ကိစ္စတောင် **ကလျာဏမိတ္တ** ပါရသေးတယ်။ သာမန် လောကီ ရေး ကိစ္စတွေမှာလည်း **ကလျာဏမိတ္တ** က အကျိုး ပြုမယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။ ဒါကြောင့်မို့ မိတ်ကောင်းဆွေကောင်းရှိဖို့ လိုတယ် ဆိုတာ အားလုံးက လက်ခံတယ်။ မိတ်ကောင်း ဆွေကောင်း ပေါင်းသင်းရမယ်လို့ အသိဉာဏ်ရှိတဲ့ လူတိုင်းကလက်ခံတယ်။

http:\\www.dhammadownload.com



သို့သော် ကိုယ်ပေါင်းနေတဲ့ မိတ်ဆွေဟာ တကယ် မိတ်ကောင်းလား ဆွေကောင်းလား ဆိုတာ လူတိုင်းမသိနိုင်ဘူး။ မိတ်ကောင်းထင်ပြီး ပေါင်းသင်း ဆက်ဆံနေကြတာတွေ အများကြီး ရှိတယ်နော်။ မိတ်ကောင်း ဆွေကောင်း မဟုတ်ဘူး၊ သို့သော်ကိုယ်က မိတ်ကောင်းဆွေကောင်း ထင်နေတယ်။ မိတ်ဆွေဆိုတာ အားကြီးတဲ့ မှီရာအကြောင်းတစ်ခုပဲ။ "**ဥပနိဿယပစ္စယော**" လို့ မြတ်စွာဘုရားက ဟောထားတာရှိတယ်။

အေး ... မိတ်ကောင်း ဆွေကောင်းနဲ့ ပတ်သက်လို့ မြတ်စွာဘုရားက ထိုထိုသုတ္တန်မှာ ဟောထားတယ်။ အဲဒီ ထိုထို သုတ္တန်တွေမှာ ကြည့်လိုက်မယ် ဆိုလို့ရှိရင် မိမိတို့အနေနဲ့ မိတ်ကောင်းဆွေကောင်းကို ရွေးတတ်လာပါလိမ့်မယ်။ အဲဒီသုတ္တန်တွေကိုဖတ်ရှုလေ့လာခြင်း၊ နာယူ

http:\\www.dhammadownload.com



မှတ်သားခြင်းဖြင့် "တို့ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ တို့အတွက် မိတ်ကောင်း ဆွေကောင်းလား"

ကိုယ်က မိတ်ကောင်းဆွေကောင်း ရှာတယ်ဆိုရင် ကိုယ်ကိုယ်တိုင်ကကော တစ်ဖက်သားရဲ့ မိတ်ကောင်း ဆွေကောင်းဖြစ်အောင် မလုပ်သင့်ဘူးလား၊ လုပ်သင့်တယ်နော်။ အေး . . . အဲဒီအပိုင်းကိုမေ့မနေကြနဲ့။ ကိုယ်ကတော့ မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းသင်းချင်တယ်၊ ကိုယ်ပေါင်းတဲ့ ပုဂ္ဂိုလ်ရဲ့ မိမိကိုယ်တိုင် မိတ်ကောင်းဆွေကောင်းဖြစ်ရမယ်၊ ဟုတ်ရဲ့လား။ Association=ပေါင်းသင်းဆက်ဆံရေးဆိုတာ တစ်ဖက်သတ်ကြည့်လို့မရဘူး။ နှစ်ဖက်စလုံးကြည့်ရမယ်။ နှစ်ဖက်စလုံး ကြည့်လိုက်လို့ရှိရင် ကိုယ်ကိုယ်တိုင်ကလည်း မိတ်ကောင်း

http:\\www.dhammadownload.com



ဆွေကောင်း ဖြစ်ရမယ်။ ကိုယ်ပေါင်းတဲ့ မိတ်ဆွေကလည်း မိတ်ကောင်းဆွေကောင်း ဖြစ်ရမယ်။

**မိတ်ကောင်းဆွေကောင်း အကဲခတ်နည်း**

မိတ်ကောင်းဆွေကောင်းဆိုတာနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက **အင်္ဂုတ္တရနိကာယ်** မှာ **မိတ္တသုတ်** ဆိုပြီး ဟောထားတာရှိတယ်။ အဲဒီထဲမှာ ပေါင်းထိုက်တဲ့ မိတ်ဆွေကောင်းရဲ့ သွင်ပြင်လက္ခဏာ ဟောပြထားတယ်။ မိတ်ကောင်းဆွေကောင်းဆိုတာ လူဆိုးလူကောင်းလိုပဲ၊ ရုပ်ပုံကြည့်ရုံနဲ့ သိပ့်ါမလား၊ မသိဘူး။ အပေါ်ယံကြည့်ရုံနဲ့ မသိနိုင်ဘူး။ ဒါကြောင့် ငယ်ငယ်တုန်းက ပြောကြတယ်၊ လူဆိုးဆိုတာ ချိုနဲ့မှ မဟုတ်တာ ဘယ်သိမလဲ၊ ချိုပေါက်နေရင်တော့ သိချင်သိမယ်။

http:\\www.dhammadownload.com



ဒါကြောင့်မို့ လူမြင်ရုံနဲ့ ဒီလူဟာ လူဆိုးလား၊ လူကောင်းလားဆိုတာ သိလို့မရဘူး။ ဘာနဲ့သိနိုင်တုန်းဆိုရင် သူ့ရဲ့လုပ်ရပ်အပေါ် မူတည်ပြီး သိနိုင်တယ်။ သူလုပ်တဲ့လုပ်ရပ်ကိုကြည့်ပြီးတော့ ဒီလူဟာ လူဆိုးလား၊ လူကောင်းလား ဆိုတာ ခွဲခြားသိရတယ်။

အဲဒီတော့ မိတ်ကောင်း ဆွေကောင်းနဲ့ ပတ်သက်ပြီးတော့ အကဲခတ်လို့ရတဲ့ အခြေအနေမျိုးတွေကို မြတ်စွာဘုရားက ဟောထားတာ ရှိတယ်။

(၁) **"ဒုဒ္ဒဒံ ဒဒါတိ"** တဲ့။ ပေးနိုင်ခဲတဲ့ အရာကို ပေးတတ်လို့ရှိရင် ဒါ မိတ်ကောင်းဆွေကောင်းပဲ။

(၂) **"ဒုက္ကရံ ကရောတိ"** တဲ့။ သာမန်ပုဂ္ဂိုလ်တွေ လုပ်ဖို့ မလွယ်နိုင်ဘူး၊ လုပ်နိုင်ခဲတဲ့ အရာကိုပဲ လုပ်ပေးတယ်ဆိုရင် မိတ်ကောင်းဆွေကောင်းပဲတဲ့။

http:\\www.dhammadownload.com



ဒါဟာ ဘယ်လောက် ခဲယဉ်းတယ်ဆိုတာတော့ အတိုင်းအတာတစ်ခု ရှိတာပေါ့နော်။ နောက် တစ်ခုက -

(၃) **"ဒုက္ခမံ ခမတိ"** တဲ့။ သည်းခံနိုင်ခဲတဲ့ အရာကို လည်း သည်းခံတတ်တယ်ဆိုရင် ဒါ မိတ်ကောင်း ဆွေကောင်းပဲ။ မိတ်ကောင်း ဆွေကောင်းနဲ့ ပတ်သက်ပြီးတော့ ဒီမိတ္တသုတ်မှာ မြတ်စွာဘုရား က အင်္ဂါရပ်တွေကို ဟောထားတာ။

(၄) **"အာပဒါသု န ဇဟာတိ"** ဒုက္ခရောက်နေတဲ့ အချိန်မှာ စွန့်ပြီးမသွားဘူးတဲ့။ အဲဒါ မိတ်ကောင်း ဆွေကောင်းပဲ။ ဒုက္ခရောက်လာတဲ့အခါမှာ စွန့်ပြီး တော့ မသွားရဘူး။ အခု လောကမှာ အများက ရာထူးလေးရှိရင် ပေါင်းကြတယ်၊ ပိုက်ဆံလေးရှိရင် ပေါင်းကြတယ်၊ ရာထူးလည်းကျသွားရော မမြင်ချင် ယောင် ဆောင်သွားရော။ ဆင်းရဲမွဲတေ ဒေဝါလီ

http:\\www.dhammadownload.com



ခံသွားတာနဲ့တစ်ပြိုင်နက် မမြင်ချင်ယောင်ဆောင် သွားတယ်၊ ဟုတ်ကဲ့လား။

အဲဒီအနေအထားမျိုးရှိတဲ့ လူအများစုကို ပြောတာပါ။ အများစုက ရာထူးကိုပေါင်းတာ။ ငွေကြေးဓနကို ပေါင်းတာ။ ဒီပုံစံမျိုး ဖြစ်တယ်ပေါ့။ ဒါ လောကကြီးရဲ့ သဘာဝကိုက ဒီအတိုင်းပဲ။ အဲဒီလို မိတ်ကောင်း ဆွေကောင်း ဖြစ်ဖို့ဆိုတာ အင်မတန်မှခက်တယ်။

**မိတ်ဆွေကောင်းမပီသသူကို မပေါင်းနဲ့**

ငယ်ငယ်တုန်းက ပုံပြင်လေးတစ်ခု ဖတ်ဖူး တယ်။ အင်မတန်မှ မှတ်သားစရာကောင်းတဲ့ ပုံပြင် လေးတစ်ခုပဲ။ သူငယ်ချင်းနှစ်ယောက် တောအုပ် ကြီးတစ်ခုကို ဖြတ်သန်းသွားတယ်။ တစ်ယောက်က လက်နက် ပါလာတယ်။ တစ်ယောက်က မပါဘူး။

http:\\www.dhammadownload.com



လက်နက်ပါတဲ့လူက ဘာပြောလဲဆိုတော့ "ဒီနေရာမှာ ဆင်ပဲတွေ့တွေ့၊ ကျားပဲတွေ့တွေ့၊ ဘာကောင်ပဲတွေ့တွေ့ ငါကာကွယ်နိုင်တယ်ပေါ့၊ ဘယ်အကောင်မှ မကြောက်ဘူး" တဲ့။ သူက ဒီလိုပြောတယ်။ ပြောလို့မှမဆုံးသေးဘူး၊ လမ်းကွေ့တစ်ကွေ့မှာ ဝက်ဝံကြီးတစ်ကောင် ဘွားခနဲပေါ်လာတယ်။ ဝက်ဝံကြီးကိုလည်း တွေ့လိုက်ရော အဲဒီလူက သစ်ပင်ပေါ် တက်ပြေးပါလေရော။ လက်နက်မပါတဲ့ သူငယ်ချင်းကို ဒီအတိုင်းပစ်ထားခဲ့ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားတယ်။

သူငယ်ချင်းလုပ်တဲ့သူက တိမ်းရှောင်ဖို့ အချိန်မရလိုက်ဘူး။ အဲဒီတော့သူ့အသက်ကိုသူကာကွယ်တဲ့အနေနဲ့ လှဲအိပ်လိုက်ပြီး အသက်အောင့်ထားတယ်၊ အသေယောင် ဆောင်နေလိုက်ရတယ်။

http:\\www.dhammadownload.com



အဲဒီအချိန်မှာ ဝက်ဝံကြီးက အနားနားလာပြီးတော့ ခေါင်းကိုလျှာနဲ့လျက်တယ်။ ဟိုနမ်း ဒီနမ်းလုပ်တယ်ပေါ့။ မလှုပ်ရဲဘူး၊ အသက်လည်း မရှူရဲဘူး၊ ငြိမ်နေရတယ်။ လှုပ်လိုက်ရင်တော့ အကိုက်ခံရမှာ သေချာတယ်။

အဲဒီလို ငြိမ်နေတဲ့အခါကျတော့ ဝက်ဝံကြီးက လက်နဲ့ဟိုဘက်ကပုတ်ကြည့်၊ ဒီဘက်ကပုတ်ကြည့်၊ အသေကြီးပဲ မှတ်ထင်ပြီး သူ့လမ်းသူ ဆက်သွားတယ်။

ဝက်ဝံကြီး ထွက်သွားပြီဆိုတော့မှ ဟိုသေနတ်နဲ့ကောင်က သစ်ပင်ပေါ်က ဆင်းလာတယ်။ ဆင်းလာပြီးတော့ "သူငယ်ချင်း၊ မင်းကို ဝက်ဝံကြီးက တိုးတိုး တိုးတိုးနဲ့ ဘာပြောသွားတာတုန်း" မေးသတဲ့။ ဟိုလူက ပြောတယ်။ "အေး၊ ဝက်ဝံကြီးက ငါ့နားနား ကပ်ပြောသွားတာ မိတ်ဆွေ သူငယ်ချင်း

http:\\www.dhammadownload.com



မပီသတဲ့ အကောင်မျိုးကို နောင်ဘယ်တော့မှ မပေါင်းနဲ့တဲ့"။

အရေးကြုံလာပြီဆိုရင် နှစ်ဦး ပူးပေါင်းခုခံမယ် မလုပ်ဘဲနဲ့ "အဲဒီလို ကိုယ်လွတ်ရုန်းသွားတဲ့ အကောင်မျိုးကို ဘယ်တော့မှမပေါင်းနဲ့" လို့ ဝက်ဝံကြီးက သူ့ကိုမှာသွားတယ်လို့ ပြောသတဲ့။

**"အာပဒါသု န ဟောတိ"** ဒုက္ခကြုံလာတဲ့ အခါမှာ စွန့်ပြီးသွားတာမျိုးမဖြစ်စေရဘူးတဲ့။ အဲဒါ ဘုရားဟောထားတဲ့ မိတ်ကောင်းဆွေကောင်းပါပဲ။

## ပေါင်းရမည့် ဆရာသမားကောင်း

အေး၊ဆရာသမားတွေနဲ့ပတ်သက်ပြီး ပေးထားတဲ့ မိတ်ကောင်းဆွေကောင်း အင်္ဂါရပ်တွေက ဘာတုန်းဆိုရင် -

http:\\www.dhammadownload.com



**"ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော"**

ဆရာတင်ပြီး ကိုးကွယ်မယ်ဆိုရင် အဲဒီ အရည်အသွေးတွေ ရှိမရှိ ကြည့်ရမယ်တဲ့။ မိတ်ကောင်းဆွေကောင်းဆိုတာ -

(၁) **"ပိယော"** ချစ်ခင်လေးစားလောက်တဲ့ သီလ၊ သမာဓိ၊ ပညာ အရည်အသွေးတွေ ရှိရမယ်။

(၂) **"ဂရု"** လေးစားလောက်တဲ့ ကိုယ်ကျင့်တရား ရှိရမယ်။

(၃) **"ဘာဝနီယော"** ချီးမွမ်းလောက်တဲ့ ကိုယ်ကျင့်တရား ရှိရမယ်။ သို့မဟုတ် မေတ္တာဘာဝနာပွားတဲ့ မေတ္တာစိတ်ဓာတ်ထားတာ ရှိရမယ်။

(၄) **"ဝတ္တာ"** မကောင်းရင်လည်း ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်၊ ဆုံးမတတ်တယ်၊ အကြံပေးတတ်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။

http:\\www.dhammadownload.com



(၅) **"ဝစနက္ခမော"** အပြစ်တွေ့လို့ သူ့ကို သတိပေး ပြောကြားရင်လည်း လက်ခံတဲ့ပုဂ္ဂိုလ် ဖြစ်ရ မယ်။

တချို့က သူများကိုတော့ ကိုယ်ကဆုံးမတတ် တယ်။ ကိုယ့်ကို ဆုံးမရင်တော့ ဘာပြောလဲ၊ 'လျှာ မရှည်နဲ့တဲ့' ဟုတ်လား။ ကိုယ့်ကို လာပြောရင် မကြိုက်တဲ့လူက ပိုများတယ်နော်။ အဲဒါမျိုး မဖြစ် စေရဘူးတဲ့။

**"ဝတ္တာ"** ကိုယ်ကလည်း ဆုံးမတတ်ရမယ်။ **"ဝစနက္ခမော"** သူက ပြောလို့ရှိရင်လည်း လက်ခံရ မယ်။ အဲဒီအချက်က အင်မတန်ခက်တယ်။ ဘာဖြစ်လို့ ခက်တာတုန်းဆိုရင် လူတွေမှာ မာန ရှိတယ်။ မာနရှိသည့်အတွက်ကြောင့် ကိုယ့်ထက် ငယ်တဲ့ပုဂ္ဂိုလ်ကပြောရင် လက်မခံဘူး။ ကိုယ့် အောက်လူကပြောရင် ရန်သူပဲ။

http:\\www.dhammadownload.com



## အရှင်သာရိပုတ္တရာရဲ့ စိတ်ဓာတ်

ဒီနေရာမှာ အရှင်သာရိပုတ္တရာရဲ့ စိတ်ဓာတ်ဟာ အင်မတန်မှ အတုခိုးစရာကောင်းတယ်။ ပညာရှိပီသတယ်ပေါ့။ ဘယ်လို ပညာရှိပီသတုန်းဆိုရင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ တစ်ခါတုန်းက သင်္ကန်းရုံထားတာလေးက မညီမညာ တွဲလောင်းလေးကျနေတော့ ကိုရင်လေးတစ်ပါးက လျှောက်တယ်တဲ့။

"အရှင်ဘုရား၊ ဟောဒီမှာ သင်္ကန်းလေး တွဲလောင်းလေးကျနေတယ်"။ အရှင်သာရိပုတ္တရာ မထေရ်မြတ်က ကိုရင်လေးပြောတဲ့အတိုင်း ဟုတ်နေတော့ သင်္ကန်းလေးကို သူ့ပြင်ရုံပြီး လက်အုပ်လေးချီပြီး "ညီသွားပါပြီလား" လို့ ပြောသတဲ့။ "ကျေးဇူးတင်တယ် ကိုရင်၊ ကျေးဇူးတင်တယ်" လို့ ကိုရင်ပေါက်စလေးက သတိပေးတာကို လက်ခံ

http:\\www.dhammadownload.com



တယ်။ လက်ခံပြီးတော့ သံဃပရိသတ်ကြားထဲမှာ ဘာပြောလဲဆိုရင် -

"ဒီကနေ့မှ ကိုရင်ဖြစ်လာပြီး အသက်အရွယ်ကလည်း (၇)နှစ်ပဲ ရှိသေးတယ်။ အဲဒီ (၇)နှစ်အရွယ် ကိုရင်လေးက သူ့ကို ဆုံးမသြဝါဒပေးမယ်ဆိုရင်တောင် ဦးထိပ်ပန်ဆင်ပါ့မယ်" လို့ ဒီလို ပြောတာနော်။ ဒါ . . . စံနမူနာယူရမှာပဲ။

အဲဒီတော့ မိတ်ကောင်း ဆွေကောင်းကို အင်မတန် တန်ဖိုးထားတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်တယ်ပေါ့။ အေး . . . ဟုတ်ပြီ၊ "**ဝတ္တာ ဝစနက္ခမော**" သူများက ဆုံးမရင်လည်း လက်ခံနိုင်ရမယ်။ အဲဒီ လက်ခံနိုင်တာလည်းပဲ မိတ်ကောင်း ဆွေကောင်းရဲ့ အင်္ဂါရပ်ပဲ။ နောက်တစ်ခုက-

(၆) "**နော စ ဌာနေ နိယောဇကော**" သူများကို ချောက်မတွန်းရဘူး၊ များသောအားဖြင့် လူတွေက

http:\\www.dhammadownload.com



သူများကိုချောက်တွန်းတတ်တဲ့ အလေ့အထလေး ရှိတယ်ပေါ့။ ချောက်တွန်းတယ်ဆိုတာ မကောင်းမှန်းသိလျက်နဲ့ တွန်းပို့တာမျိုးပေါ့။ အဲဒါမျိုးမလုပ်တဲ့ ဆရာသမားမျိုးကို ရွေးပြီးတော့ ကိုးကွယ်ပါတဲ့။ **"ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော"** အဲဒီပုဂ္ဂိုလ်မျိုးကို ကိုးကွယ်ပါ။ ထို့အတူပဲ လောကမှာလည်း အဲဒီလို မိတ်ဆွေတွေရှိတယ်။

**မပေါင်းသင်းရတဲ့ မိတ်ဆွေတုလေးယောက်**

အဲဒီ မိတ်ဆွေဆိုတဲ့အထဲမှာ မိတ်ဆွေမဟုတ်ဘဲနဲ့ မိတ်ဆွေယောင် ထင်နေရတဲ့ ပုဂ္ဂိုလ်မျိုးက လေးမျိုး ရှိတယ်။ မြတ်စွာဘုရားသခင်က **သိင်္ဂါလောဝါဒ** သုတ္တန်မှာ သိင်္ဂါလ သတို့သားကို ဆုံးမဩဝါဒ ပေးတဲ့အနေနဲ့ ဟောထားတယ်။ **"မိတ္တပတိရူပကာ"** မိတ်ဆွေတု တဲ့။ လောကမှာ

http:\\www.dhammadownload.com



ရွှေအစစ်ကို တုထားတဲ့ ရွှေတုရှိသလို မိတ်ဆွေအစစ်ကို တုနေတဲ့ "မိတ်ဆွေအတု" ရှိသေးတယ်။ ဒါ သတိထားရမယ်။ သတိထားဆိုတာ ကိုယ်တိုင်ကလည်း မိတ်ဆွေတု မဖြစ်စေနဲ့။ ကိုယ်ပေါင်းတဲ့ ပုဂ္ဂိုလ်ကလည်းပဲ မိတ်ဆွေတု မဖြစ်စေရဘူး။

အဲဒီတော့ မိတ်ဆွေအတုဆိုတာ ဘာလဲတဲ့။ မိတ်ဆွေအတုက (၁) "**အညဒတ္ထုဟရ**" တဲ့။ '**အညဒတ္ထုဟရ**' ဆိုတာ ကိုယ့်ဘက်က တစ်ဖက်သတ် ကိုယ်ပေါင်းသင်းတဲ့ပုဂ္ဂိုလ်ထံက ဘာဖြစ်ဖြစ်ရအောင် ယူတတ်တယ်။ ဟိုဟာလေးတောင်းမယ်၊ ဒါလေးတောင်းမယ်။ ဒါလေးယူမယ်၊ ဟိုဟာလေးယူမယ်၊ အမြဲတမ်း ရအောင်ယူတတ်တယ်။ အဲဒါကို "**အညဒတ္ထုဟရ**" တဲ့။ သူကချည်းပဲ ယူသွားတာ။ အဲဒီလို မိတ်ဆွေမျိုးကလည်း လောကမှာ ရှိသေးတယ်။

http:\\www.dhammadownload.com



နည်းနည်းပါးပါးလေးပေးပြီး များများယူသွားတာ။ ဟင်းလေးတစ်ခွက်လာပေးပြီး ဆန်တစ်ပြည်လောက်ယူသွားတာ၊ ဟုတ်လား။ ကိုယ့်ဆီက များများယူသွားတာ။ သူကပေးတော့ နဲနဲလေး ပေးတယ်။

လူတွေဟာ နည်းနည်းလေး ပေးပြီးတော့ များများရအောင် ယူသွားတတ်တယ်။ သူ ကိုယ်တိုင် ဒုက္ခရောက်နေပြီဆိုလို့ရှိရင် အကူအညီ ရဖို့အတွက် တစ်ဖက်သားကို သိပ်ကျိုးနွံတယ်။ တစ်ဖက်သားကို သနားလာအောင် ပေါင်းတတ်တယ်။ "အညဒတ္ထုဟာရ" မိတ်ဆွေတု။

သူ ဒုက္ခရောက်နေတဲ့အချိန် ဆိုလို့ရှိရင် "အစ်ကိုကြီး အားကိုးပါတယ်၊ အစ်မကြီး အားကိုးပါတယ်" နဲ့ ကျလောက်အောင်ပြောပြီး ပေါင်းတတ်တယ်။ သူ့အကျိုးသူမျှော်ပြီး အမြဲတမ်း အပေါင်း

http:\\www.dhammadownload.com



အသင်း လုပ်တတ်တယ်။ အဲဒီ ပုဂ္ဂိုလ်မျိုးကို "**အညဒတ္ထုဟရ**" မိတ်ဆွေလို့ ခေါ်တယ်။

အဲဒီမိတ်ဆွေမျိုးဟာ မိတ်ဆွေအတု ပါတဲ့။ မပေါင်းလေနဲ့၊ ဝေးဝေးကရှောင်။ ကိုယ်တိုင်လည်း ဒါမျိုး မဖြစ်စေနဲ့လို့ပြောတာ။ နောက်တစ်ခုက ဘာလဲဆိုရင် -

(၂) "**ဝစီပရမ**" တဲ့။ လက်မပါဘူး။ အပြော သက်သက်ပဲ။ အပြောနဲ့ လောကွတ်လုပ်တတ်တဲ့ မိတ်ဆွေမျိုးတဲ့။

ဒါ. . . လောကကြီးမှာ အများကြီးရှိပါတယ်။ သူက လောကွတ်လုပ်တာ ဘာနဲ့လုပ်တုန်းဆိုရင် အတိတ်နဲ့ လောကွတ်လုပ်တယ်။ အနာဂတ်နဲ့ လောကွတ်လုပ်တယ်။ ဆိုပါစို့၊ အိမ်တစ်အိမ်သွားတယ်၊ ဟာ သူငယ်ချင်းကွာ၊ မင်း နောက်ကျလိုက်တာကွာ။ မနေ့ကလာရင် ငါ့အိမ်မှာ ကြက်သား

http:\\www.dhammadownload.com



ဟင်း ချက်ထားတာ၊ အခုတော့ ချဉ်ရည်ဟင်းပဲ ရှိတော့တယ်။ ချက်မချက်တော့ မသိဘူး၊ မနေ့က တော့ အိမ်မှာ ကြက်သားဟင်း၊ အဲဒါကို ဟိုလူက မစားရဘူး။ မစားရဝခမန်းပြောတယ်။ ဟော၊ မနေ့ကဟာနဲ့ ညှော်ခံလွှတ်လိုက်တာပဲ။

တစ်ခါတရံ ဟိုမနှစ်ကအရာနဲ့ ညှော်ခံလိုက် တယ်။ "ဟိုမနှစ်က ငါစီးပွားဖြစ်တုန်းက မင်းကို ငါမျှော်လိုက်တာ မင်းမလာဘူး။ အခုတော့ ငါလဲ ဒုက္ခရောက်နေတယ်ကွာ"။ ဟော . . . ပြီးခဲ့တဲ့ နှစ်ကဆိုတော့ ဘာမှ မပေးရဘူးလေ။ ဒါပေမယ့် ဟိုလူက ဝမ်းသာသွားတယ်။ "ဪ. . . ဒီလူ ငါ့အပေါ် စေတနာရှိသားပဲ" လို့ ထင်သွားတယ်။ အဲဒါမျိုးကို '**ဝစီပရမ**' လို့ ခေါ်တယ်တဲ့။ အပြော သက်သက်သာဖြစ်တယ်၊ လက်မပါဘူး။

http:\\www.dhammadownload.com



အနာဂတ်နဲ့ ဧည့်ခံတယ်ဆိုတာ ဘာတုန်း။ "အေး နောက်နှစ်ခါကျတော့ မင်းလာခဲ့ကွာ၊ ဒီအချိန်လာခဲ့။ မင်းလိုချင်တာတွေ အကုန်ရစေမယ်"။ နောင်နှစ်ခါသွားရင်တော့ ရချင်မှရလိမ့်မယ်။ ဒါပေမယ့် နောက်နှစ်ခါနဲ့ ပြောလိုက်တယ်။ အဲဒါ အနာဂတ်နဲ့ ဧည့်ခံတာလို့ ခေါ်တယ်။ အဲဒီလို အနာဂတ်နဲ့ဧည့်ခံတဲ့ ပုဂ္ဂိုလ်ကလည်း မိတ်ဆွေအတုပါတဲ့။ အဲဒီပုဂ္ဂိုလ်မျိုးကိုလည်း သတိထားရမယ်နော်။

နောက်ပြီးတော့ အကျိုးမရှိတာနဲ့ လောကွတ်လုပ်တတ်တာလဲရှိတယ်။ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ကို တွေ့ပြီဆိုလို့ရှိရင် "သူငယ်ချင်းလာကွာ၊ မင်းဝတ်ထားတဲ့ အဝတ်ကလည်း မကောင်းဘူး၊ ငါ့လည်း ဒီတစ်ထည်တည်းရှိလို့ကွ၊

http:\\www.dhammadownload.com



နို့မို့ မင်းကို ငါပေးပါတယ်” ပြီးတော့လည်း မပေးဘူး မဟုတ်လား။

ငွေသွားချေးလို့ရှိရင်လည်း “ငါ့မှာ ဒီနှစ်ကြပ်နေလို့ကွာ၊ နို့မို့ ငါပေးပါတယ်။ ငါ့လဲ ကုန်ထဲမှာ မြှုပ်နေလို့ ငါမပေးနိုင်သေးဘူးကွာ”။ ပြောသာပြောတာ တကယ်စိတ်ထဲကမပါဘူး။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို မိတ်ဆွေတု ‘**ဝစီပရမ**’ လို့ခေါ်တယ်။

ပစ္စုပ္ပန်နဲ့ကျတော့ အပျက်ကိုပြတယ်။ “သူငယ်ချင်း ငါသွားစရာရှိလို့ မင်းကားလေး ငါ့ ခဏငှားစမ်းပါ”၊ “ဟာ ငါ့ကား ရှော့ဘားမကောင်းလို့ကွ၊ ဒီနေ့ ဝပ်ရှော့ပို့ရမယ်” ဆိုပြီး ငြင်းလိုက်တယ်။ တကယ်တော့ ကောင်းချင်လည်း ကောင်းနေမှာပေါ့နော်။ ကားက ဘာဖြစ်နေလို့ ခရီးဝေးသွားလို့ မရသေးဘူး၊ သို့မဟုတ် ငါ့ကားက ဝပ်ရှော့ထိုးထားတယ်၊ ဟုတ်ဟုတ် မဟုတ်ဟုတ်ပေါ့။

http:\\www.dhammadownload.com



ပစ္စုပ္ပန်မှာ အပျက်ပြပြီးပြောတဲ့ မိတ်ဆွေမျိုးဟာ **'ဝစီပရမ'** မိတ်ဆွေမျိုး။ ဒါ လောကကြီးမှာ ကြုံရတတ်တယ်။ အဲဒီ မိတ်ဆွေကတော့ မိတ်ဆွေအတုပါတဲ့။

နောက်တစ်ခုကတော့ -

(၃) **"အနုပိယဘာဏီ"** တဲ့။ **အနုပိယဘာဏီ** ဆိုတာ ဘယ်တော့မဆို အကြိုက်ကို လိုက်ပြောတတ်တဲ့မိတ်ဆွေ။ သူ့အကြိုက်အတိုင်း လိုက်ပြောတာ၊ ကောင်းလဲ လိုက်ပြောတာပဲ၊ မကောင်းလဲ လိုက်ပြောတာပဲ။ အဲဒီ မိတ်ဆွေမျိုးဟာ မိတ်ဆွေတုပဲ။

ဘယ်လိုအကြိုက်လိုက်ပြောတုန်းဆို မကောင်းတာပြောလည်း "အေး . . . ကောင်းတယ် ကောင်းတယ်"၊ ကောင်းတာပြောလည်း "အေး . . ကောင်းတယ်" ဟိုတစ်ဖက်သားအကြိုက်ကို လိုက်

http:\\www.dhammadownload.com



ပြောတာ။ ဘယ်တော့ဖြစ်ဖြစ် အကောင်းဘက်ကနေလိုက်ပြော၊ မကောင်းမှုတွေလုပ်လည်း "ဟာ ကောင်းတာပေါ့"၊ ကောင်းတာတွေလုပ်လည်း "ဟာ. . . ကောင်းတာပေါ့"။

ဘယ်ဟာဖြစ်ဖြစ် သူကြိုက်တာ သူပြောတဲ့ စကားသံနောက် လိုက်ပြီးတော့ သူ့အကြိုက် လိုက်ပြောတဲ့ မိတ်ဆွေမျိုးကလည်း မိတ်ဆွေ ကောင်း မဟုတ်ဘူးတဲ့။ ဒါတွေကိုလည်း လူတွေက ပေါင်းသင်းကြတာပဲ။ ဘာဖြစ်လို့တုန်း၊ ကိုယ့် သဘောနဲ့ အံကျဖြစ်နေတာကိုး။

အဲဒီပုဂ္ဂိုလ်မျိုးဟာ လူရှေ့ကျတော့ ချီးမွမ်း တယ်။ "ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။ မင်း သိပ် တော်တာပေါ့" ဘာညာနဲ့ဆိုပြီး ဒီလူလည်း ထွက် သွားရော မေးငေါ့ကျန်ခဲ့တယ်။ ဒီကောင်လည်း

http:\\www.dhammadownload.com



ဒီအတိုင်းပဲ၊ ဒီကောင်လည်း ဘယ်ဟုတ်မလဲ၊ ဒါမျိုး နော်။

လူနှစ်ယောက် အတင်းပြောကြတယ်။ အခြား လူတစ်ယောက်အကြောင်းပြောကြတယ်။ အခြား လူတစ်ယောက်အကြောင်း မကောင်းတာတွေ ပြော။ တစ်ယောက်က ထသွား၊ "အဲ. . . လုပ်စရာ ရှိသေးတယ်၊ပြန်လိုက်ဦးမယ်" ဟိုကျန်တစ်ယောက် က ဘာလုပ်လဲဆို မေးထိုးပြီးကျန်ရစ်တယ်။ သူလဲ အတူတူပါပဲ။ ဒါမျိုးက **'အနုပိယဘာဏီ'** တဲ့။ ရှေ့တင် ကောင်းတယ်၊ ကွယ်ရာကျတော့ အတင်း ပြောတယ်။ အဲဒီလူလည်း မိတ်ဆွေကောင်း မဟုတ် ဘူးတဲ့။

နောက်တစ်ခုကတော့ -

(၄) **"အပါယသဟာယ"** တဲ့။ ပျက်စီးဖို့အတွက် အပေါင်းအသင်းဖြစ်နေတဲ့ ပုဂ္ဂိုလ်တဲ့။ ဘာတုန်း

http:\\www.dhammadownload.com



ဆိုရင် အေး. . . ဘီယာဆိုင် သွားမယ်ဆိုရင် လိုက်မယ်၊ တရားပွဲဆိုရင် မလိုက်ဘူး။ ဘီယာဆိုင်၊ အရက်ဆိုင်သွားမယ်၊ အေး. . . လိုက်မယ်၊ နောက်ပြီး သောက်ဖော်သောက်ဖက်၊ အဲဒါမျိုးကို **"အပါယသဟာယ"** လို့ ခေါ်တယ်။

နောက် အချိန်မတော် အချိန်တော် ထွက်လည်ဖို့ ခေါ်ရင်လည်း လိုက်မယ်။ အဲဒီဘက်မှာကျ စိတ်ဝင်စားတယ်။ ဘုရားသွား ကျောင်းတက်ကျတော့ မလိုက်ဘူး။ ဘာလုပ်စရာ ရှိသေးလို့တို့၊ ညာလုပ်စရာရှိသေးလို့ တို့နော်။ မအားသေးလို့၊ အလုပ်ကတော့ ဘယ်တော့မှ မအားပါဘူးနော်။ အလုပ်အားတယ်ဆိုတာ ဘယ်တော့မှ မရှိဘူး။ အလုပ်ဆိုတာ ကိုယ်အားမှ အားတာလေ။

အေး . . . နောက်တစ်ခုက ပွဲလမ်းသဘင် သွားကြည့်ရအောင် ခေါ်ရင်လိုက်တယ်။ နောက်

http:\\www.dhammadownload.com



တစ်ခုက ခဲ့ထိုးရအောင်၊ (၂)လုံးထီ ထိုးရအောင်၊ ဘယ်နေရာသွားပြီး ဖဲရိုက်ရအောင်ဆိုရင် လိုက်တယ်။

အဲဒီလိုကိစ္စမျိုးမှာ လိုက်လျောတဲ့၊ အဖော်ပြုတဲ့ မိတ်ဆွေမျိုးဟာ '**အပါယသဟာယ**' လို့ခေါ်တယ်။ အဲဒီမိတ်ဆွေမျိုးကလည်း မိတ်ဆွေအစစ် မဟုတ်ပါဘူးတဲ့။ ဒီပုဂ္ဂိုလ်တွေကို ပေါင်းခြင်းဖြင့် ပျက်စီးသွားနိုင်ပါတယ်တဲ့။

မြတ်စွာဘုရားက အဲဒီ ပုဂ္ဂိုလ်မျိုးတွေကို မိတ်ဆွေလို့ မခေါ်ဘူး။ '**အမိတ္တရန်သူ**' လို့တောင် သတ်မှတ်တယ်။ ဘာကြောင့် ရန်သူလို့ သတ်မှတ်လဲဆိုရင် ပျက်စီးဆုံးရှုံးဖို့အတွက် ဖြစ်တာကိုး။ ပထမတော့ တတွဲတွဲနေတာ ဟုတ်သယောင်ရှိတယ်၊ သို့သော် ကိုယ့်ဘဝပျက်စီးဖို့ပဲ မဟုတ်လား။ အဲဒါမျိုးကို '**အပါယသဟာယ**' လို့ခေါ်တယ်။

http:\\www.dhammadownload.com



အဲဒီလို မိတ်ဆွေမျိုးကလည်း လောကမှာ အများကြီး။

အေး. . . အားလုံး(၄)မျိုးရှိတယ်လို့ မြတ်စွာဘုရားက ဟောထားတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုး ကိုယ်တိုင်လည်း မဖြစ်သင့်ဘူး။ ကိုယ်ပေါင်းတဲ့ သင်းတဲ့ ပုဂ္ဂိုလ်မှာလည်း ဒါမျိုးကို မိတ်ဆွေလို့ မသတ်မှတ်သင့်ဘူးပေါ့။

ဒါဖြင့် ဒီလိုမပေါင်းသင်းထိုက်တဲ့ မိတ်ဆွေတုတွေ ရှိနေတော့ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ပေါင်းရမလဲဆိုရင် မြတ်စွာဘုရားက ပေါင်းရမည့်ပုဂ္ဂိုလ်ကို ဟောထားတယ်။

http:\\www.dhammadownload.com



**မိတ်ဆွေကောင်းများ**

**"သုဟဒမိတ္တ"** တကယ့်ကို စိတ်နှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ်။ စိတ်နှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ်ကို **'သုဟဒ'** လို့ခေါ်တယ်။

စိတ်နှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုဟာတုန်းဆိုရင် -

(၁) **"ဥပကာရ"** ကျေးဇူးပြုတတ်တဲ့ မိတ်ဆွေ။ ကိုယ့်ရဲ့ အပေါင်းအသင်းတစ်ယောက်ဟာ, ဆိုပါစို့ အရက်သေစာသောက်ပြီး မူးမေ့နေရင်တောင်မှပဲ အရက်မူးပြေသည်ထိအောင် သူ့အန္တရာယ် မဖြစ်အောင် စောင့်ရှောက်ပေးတယ်တဲ့။ ဟော . . . မကောင်းတာ လုပ်တာတောင် စောင့်ရှောက်ပေးတာနော်။ မိတ်ကောင်းဆွေကောင်းက အဲဒီလို သူ့ပစ္စည်းတွေ အထိန်းအသိမ်း မရှိဘူးဆိုရင်

http:\\www.dhammadownload.com



မြင်တာနဲ့ သိမ်းပေးတယ်၊ ကူညီပေးတယ်။ အဲဒီ ပုဂ္ဂိုလ်မျိုးက **'ဥပကာရ'** ကျေးဇူးပြုတဲ့မိတ်ဆွေ။

တစ်စုံတစ်ခု ဘေးရန်ကြုံလို့ ကိုယ့်မိတ်ဆွေ ကိုယ်ပေါင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ သိပ် ကြောက်လန့်နေလို့ ရှိရင်လည်း အားပေးစကား ပြောတယ်။ ကိစ္စရှိရင်လည်း ဝိုင်းကူပြီး ဆောင်ရွက် တယ်။ ငွေကြေးခန လိုတာကစပြီး ကူညီထောက်ပံ့ ပေးတယ်။ အဲဒီလို မိတ်ဆွေမျိုးကတော့ **'ဥပကာရ မိတ်ဆွေ'**။ မိက်ဆွေစစ်ပါတဲ့။ ဒါ လောကကြီးပွား ရေးအတွက် အဲဒီလိုပုဂ္ဂိုလ်မျိုးကို ပေါင်းသင်းရ မယ်တဲ့။

နောက် မိတ်ဆွေတစ်ယောက်က ဘာတုန်း ဆိုရင်-

(၂) **"သမာနသုခဒုက္ခ"** တူညီသော သုခ, ဒုက္ခ = ချမ်းသာ ဆင်းရဲ၊ ချမ်းသာလည်း အတူတူပဲ၊ ဆင်းရဲ

http:\\www.dhammadownload.com



လည်း အတူတူပဲနော်။ အဲဒီလို တူညီတဲ့ စိတ်ထား ရှိတဲ့ မိတ်ဆွေမျိုး။ အေး. . . အခုခေတ် ပြောကြ တယ်မို့လား၊ 'အေးအတူ ပူအမျှ'၊ ချမ်းသာရင်လည်း အတူတူပဲ၊ ဆင်းရဲလည်း အတူတူပဲ။ မခွဲမခွါ တစ်ဦးကိုတစ်ဦး အကျိုးပြုပြီးတော့ နေကြတဲ့ မိတ်ဆွေမျိုးတွေကို **"သမာနသုခဒုက္ခ"** လို့ ခေါ် တယ်။

အဲဒီမိတ်ဆွေမျိုးဟာ ကိုယ့်ရဲ့ လျှို့ဝှက်ချက် ကိုလည်း လျှို့ဝှက်ပေးတယ်။ တစ်ခါတလေ လျှို့ဝှက်ချက်ဆိုတာ မပြောဘဲ မနေနိုင်လောက် အောင်ဖြစ်တတ်တယ်။ လျှို့ဝှက်ချက်ကို ထုတ်ပြော မယ်ဆိုရင် အဲဒီလို မိတ်ဆွေမျိုးမှ ပြောသင့်တယ် ပေါ့။ လျှို့ဝှက်ချက်ကို လျှို့ဝှက်ပြီးတော့ ပေးတယ် တဲ့။ အပြင်ကို မပေါက်ကြားအောင် ထိန်းပေးတယ် ပေါ့။

http:\\www.dhammadownload.com



ဒုက္ခကြုံလာလို့ရှိရင်လည်း စွန့်ခွာပြီးမသွားဘူးတဲ့။ ခုနက ဝက်ဝံကြီးက မှာသွားတဲ့ပုံလိုပဲ။ အဲဒီလို လူမျိုး မပေါင်းနဲ့ဆိုတာမျိုး ဒုက္ခကြုံလာရင် စွန့်ပစ်သွားတဲ့ပုဂ္ဂိုလ်မျိုး မဖြစ်ရဘူးတဲ့။ နောက် . . . ကိစ္စတွေ့လာလို့ရှိရင် ကိုယ်ကိုယ်တိုင်က အသက်စွန့်ပြီးတော့ ကာကွယ်ပေးတယ်။ အဲဒီ မိတ်ဆွေမျိုးကတော့ **"သမာနသုခဒုက္ခ"** မိတ်ဆွေမျိုးလို့ ခေါ်တယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် အပေါ်မှာ အရှင်အာနန္ဒာဟာ အင်မတန်မှ သံယောဇဉ်ကြီးတယ်။ အားလုံး ကြားဖူးကြပါလိမ့်မယ်။ ဒေဝဒတ်ရဲ့ အစီအမံအရ အဇာတသတ်မင်းကြီးက နာဠာဂီရိဆိုတဲ့ ဆင်ဆိုးကြီးကို အရက်တွေတိုက်ပြီးတော့ ဘုရား ဆွမ်းခံဝင်လာတဲ့လမ်းကြားမောင်းလွှတ်လိုက်တာ။ ဘုရားနဲ့သံဃာတွေလည်း

http:\\www.dhammadownload.com



ကြွလာတယ်၊ ဆင်ကြီးကလည်း နှာမောင်းကြီး မြှောက် အော်ဟစ်ပြီး အမြီးကြီးကုပ်ကာ ပြေးလာတယ်။

သူ့ရှေ့မှာတွေ့တဲ့ ပုဂ္ဂိုလ်ကတော့ မသက်သာဘူး။ အဲဒီအချိန်မှာ အရှင်အာနန္ဒာ မထေရ်မြတ်ဟာ ဘုရားနောက်ကနေ ပါလာတာ။ဘုရားကို ကာကွယ်ဖို့ ရှေ့ကိုပြေးတက်လိုက်တယ်။ သူ့အသက် စွန့်တာပဲ။ အဲဒီအချိန်မှာဆို ဘယ်လောက် အရေးကြီးတဲ့ အချိန်လဲနော်။ အရှင်အာနန္ဒာက သူ့အသက်ကိုစွန့်ပြီး ဘုရားရှေ့ကဝင်ရပ်တယ်။

အဲဒီမှာမြတ်စွာဘုရားက"မဟုတ်ဘူး အာနန္ဒာ" ပြောလည်း မရဘူး။ ဘုရားရှေ့ကနေ အတင်းရပ်တယ်။ နောက်မှ မြတ်စွာဘုရားက တန်ခိုးတော်နဲ့ ဖယ်လိုက်ရတယ်။ အရှင်အာနန္ဒာကို ဖယ်ခိုင်းလို့ မရဘူးနော်။ ဘာတုန်းဆိုရင် ဒါ ဒုက္ခကြုံလာလို့

http:\\www.dhammadownload.com



ရှိရင် အသက်စွန့်တာ။ ဘုရားကိုတော့ မထိစေရဘူး၊ ငါကာကွယ်မယ် ဆိုပြီးတော့ အသက်စွန့်တာ၊ အဲဒီလိုပုဂ္ဂိုလ်မျိုးက "**သမာနသုခဒုက္ခ**" မိတ်ဆွေစစ်လို့ ခေါ်ပါတယ်တဲ့။

နောက် မိတ်ဆွေကောင်းတစ်ဦးက ဘာတုန်းဆိုရင် -

(၃) "**အတ္ထက္ခာယီ**" အကျိုးစီးပွားကို ဟောပြောပြသတတ်တဲ့မိတ်ဆွေ၊ဆရာသမားလို မိတ်ကောင်းဆွေကောင်း၊ အဲဒီပုဂ္ဂိုလ်ကျတော့ ကိုယ့်ရဲ့ မိတ်ဆွေတစ်ယောက်ဟာ မကောင်းတာ လုပ်နေရင် "မလုပ်နဲ့" တားတယ်၊ မရရအောင် တားတယ်၊ ကောင်းတာလုပ်ဖို့အတွက်လည်း သူက အားပေးတိုက်တွန်းတယ်။

http:\\www.dhammadownload.com



## ဃဋိကာရ အိုးထိန်းသည်

"အဃ္ဃကာယိ – မိတ်ဆွေ" ဆိုတာ ဃဋိကာရ သုတ်ထဲက 'ဃဋိကာရ' ဆိုတဲ့ အိုးထိန်းသည်ကြီး လို မိတ်ဆွေမျိုးဖြစ်တယ်။ ဗေဒ ကျမ်းဂန်တတ်တဲ့ ဇောတိပါလ ဆိုတဲ့ပုဏ္ဏားနဲ့ ဃဋိကာရ အိုးထိန်း သည်ကြီးတို့ဟာ မိတ်ဆွေ ဖြစ်နေကြတာ၊ အင်မတန်မှ ရင်းနှီးတယ်။

ဃဋိကာရ ဆိုတာက ကဿပမြတ်စွာဘုရားရဲ့ ဥပါသကာကြီး၊ သူက အနာဂါမ်၊ အားလုံး ကြားဖူး ကြလိမ့်မယ်။ ဘုရားလောင်း တောထွက်တဲ့အခါ သူက ပြဟ္မာ့ပြည်ရောက်နေပြီလေ။ ဘုရားလောင်း ကို ကြာသက်န်းနဲ့ လာကပ်တယ်မို့လား။ ကြာ သက်န်းဆိုတာ ကနေ့ခေတ်တော့ ကြာရိုးကို မျှင်ပြီး တော့ ရက်ထားတာကို ကြာသက်န်းလို့ခေါ်တာ။

http:\\www.dhammadownload.com



ဘုရား လာကပ်တဲ့ ကြာသက်န်းက ကြာရိုးကို ရက်ထားတယ်လို့ မဆိုဘူး။

ကမ္ဘာဦးက ကြာဖူးကြီးငါးခု ကမ္ဘာပြုရေပြင်ကြီး ပေါ်မှာ ပေါက်လာခဲ့တယ်တဲ့။ အဲဒီ ကြာဖူးကြီး ငါးခုထဲက တစ်ဖူး တစ်ဖူးမှာ ပရိက္ခရာရှစ်ပါးစီ ပါတယ်။ ဘုရားငါးဆူပွင့်မယ်ဆိုတဲ့အထိမ်းအမှတ်။ အဲဒီ ကြာဖူးထဲက ပရိက္ခရာရှစ်ပါးကို ယူပြီးတော့ ဗြဟ္မာ့ပြည်မှာ သိမ်းထားတာ။ အဲဒါကို လာကပ် တာနော်။ အဲဒါကို "ကြာသက်န်း" လို့ခေါ်တာ။ ကြာရိုးကို မျှင်ပြီးတော့ ရက်ထားတဲ့ ကြာသက်န်း မဟုတ်ဘူး။

ကနေ့ခေတ်မှာဆိုရင် ကြာသက်န်း ဆိုပြီး (၁၀)သိန်း (၁၅)သိန်းလောက် ရှိသလားမသိဘူး။ ကြာသက်န်းဆိုပြီးတော့ မွန်မွန်မြတ်မြတ် လုပ်ကြ တာ။

http:\\www.dhammadownload.com



အေး . . . ဘုရားအလောင်းကပ်တဲ့ ကြာသက်န်းကတော့ ကြာဖူးထဲကရတဲ့ သက်န်း၊ အဲဒီကြာသက်န်းလာကပ်တဲ့သူဟာ ဃဋီကာရ ပေါ့။

ကဿပမြတ်စွာဘုရားပွင့်တဲ့အချိန်မှာ ဂေါတမမြတ်စွာဘုရား အလောင်းက ဇောတိပါလဆိုတဲ့ ပညာတတ်ဗြဟ္မဏဖြစ်တယ်။ ဃဋီကာရ ဗြဟ္မာကြီးက အဲဒီတုန်းက ဃဋီကာရ လို့ဆိုတဲ့ အိုးလုပ်အိုးဖုတ်ပြီး အသက်မွေးတဲ့ 'အိုးထိန်းသည်' ပေါ့။

ဃဋီကာရ,က ဇောတိပါလ ကို ခေါ်တယ်။ "သူငယ်ချင်း ဇောတိပါလ၊ ဘုရားကျောင်းတော်သွားရအောင်၊ ဘုရားကျောင်းက နီးနီးလေးပဲ၊ ဘုရားကျောင်းသွားပြီး တရားနာရအောင်" ခေါ်တော့ ဇောတိပါလ,က ဘာပြောတုန်းဆိုရင် "ဟာ . . . သူငယ်ချင်း၊ ဒီ ကတုံးတွေဆီသွားလို့ ဘာရမှာတုန်း" တဲ့။

http:\\www.dhammadownload.com



ဘုရားဆီသွားဖို့ခေါ်တယ်၊ ဟိုလူက မလိုက်ဘူး။ အဲဒါနော်၊ စဉ်းစားကြည့်၊ အဲဒီမလိုက်တဲ့လူက ဘယ်သူတုန်းဆိုရင် ဂေါတမ မြတ်စွာဘုရားအလောင်း။ အဲဒီအချိန်တုန်းက ဇောတိပါလဆိုတဲ့ ပုဏ္ဏား၊ သူကိုယ်တိုင် ဘုရားဖြစ်မည့်ပုဂ္ဂိုလ်ဖြစ်လျက်သားနဲ့ ဘာလို့ ဝေးနေတာတုန်း၊ လောလောဆယ် သူ့ရဲ့ ပတ်ဝန်းကျင်က ဘုရားတရား မကြည်ညိုတဲ့ အမျိုးမှာ ဖြစ်နေတာကိုး၊ ဒါလည်း သတိထားရမယ်နော်။

တစ်ခါတရံ ကိုယ်ကိုယ်တိုင်က မိရိုးဖလာ မိကောင်းဖခင် သားသမီးဖြစ်လို့ သဒ္ဓါတရား အထိုက်အသင့် ရှိနေတာကို အထင်မကြီးလေနဲ့၊ ဒီဘဝမှာ အခိုင်အမာ မတည်ဆောက်ဘူးဆိုရင် နောက်ဘဝမှာ လွယ်လွယ်ကူကူနဲ့ ဒီစိတ်ဓာတ်လေး ပြောင်းလဲသွားနိုင်တယ်။ အဲဒါကြောင့် သာသနာ

http:\\www.dhammadownload.com



တော်နဲ့ ကြုံတွေ့တဲ့ အချိန်လေးမှာ မှန်ကန်တဲ့ စိတ်ဓာတ်ကလေးတွေကို ခိုင်ခိုင်မာမာ တည်ဆောက်ထားဖို့ လိုအပ်ပါတယ်။

**ဒဿနမူလိကာ သဒ္ဓါ** = အသိဉာဏ်ကို အခြေခံတဲ့ သဒ္ဓါတရား။ သောတာပတ္တိမဂ် အခြေခံတဲ့ သဒ္ဓါတရားမျိုး တည်ဆောက်ထားမှသာမြဲတယ်၊ နှို့မို့ဆို မမြဲဘူး။

ကြည့် . . . ဘုရားအလောင်း ဇောတိပါလဟာ ကဿပဘုရား ပွင့်ပြီးရင်ပွင့်မည့် ဘုရားအလောင်းနော်။ ဘုရားကျောင်းကိုခေါ်တော့ ဘာပြောတုန်း၊ "မလိုက်ချင်ပါဘူး၊ ဒီကတုံးတွေဆီကို" ဒီလိုပြောတယ်။

အဲဒီတော့ သူငယ်ချင်းလုပ်တဲ့လူက တော်တယ်၊ "ဒါဖြင့် သူငယ်ချင်း၊ ကျောင်းမသွားဘူး

http:\\www.dhammadownload.com



ဆိုရင် တို့မြစ်ကိုသွားပြီး ရေချိုးရအောင်” ဆိုတော့ အလွယ်တကူ လိုက်သွားတယ်။

အခုခေတ်လည်း ဒီလိုပဲ။ စားသောက်ဆိုင် သွားရအောင်ဆို လိုက်မယ်၊ ဂေါက်သီးရိုက် သွားရအောင်ဆိုလည်း လွယ်လွယ်ကူကူပဲနော်။ လက်ဖက်ရည်ဆိုင်သွားရအောင် ဆိုရင်ကော မလိုက်ဘူးလား။ အေး တရားပွဲသွားရအောင်၊ ကျောင်းသွားရအောင်ဆိုရင် မအားသေးဘူး၊ အလုပ်မအားသေးလို့၊ ဒီကနေ့ ဒီလိုတွေကော မတွေ့ရဘူးလား၊ တွေ့ရတယ်၊ အပြစ်ပြောစရာ မဟုတ်ဘူး။

ဒါ ဘာဖြစ်လို့တုန်းဆိုရင် သတ္တဝါတွေရဲ့ စိတ်ကိုကဒီလိုရှိတာ။ တချို့က ပြောကြသေးတယ်။ ဒို့က ပါရမီနုနေသေးလို့၊ နောင်ပါရမီ ရင့်လာရင် ဖြစ်လိမ့်မယ်လို့၊ မဖြစ်ဘူး၊ ဘယ်တော့မှလည်း ပါရမီက ရင့်လာမှာ မဟုတ်ဘူး၊ အခု မလေ့ကျင့်

http:\\www.dhammadownload.com



လို့ရှိရင် ဘယ်တော့မှ ရင့်လာမှာ မဟုတ်ဘူး၊ ပြောကြတယ်မို့လား၊ မနက်ဖြန်ဆိုရင် သိပ်နောက်ကျသွားပြီ "Tomorrow will be too late" ဆိုတာ။ အဲဒီလိုပဲ နောက်ဘဝဆိုရင် သိပ်နောက်ကျသွားပြီ၊ ဒီအခြေအနေမျိုး ကိုယ်ရချင်မှရမှာ။ ဒီအခြေအနေကောင်းလေးမှာ ကိုယ်လုပ်ချင်တာလေး ပီပီပြင်ပြင်ဖြစ်အောင်၊ အခိုင်အမာဖြစ်အောင် တည်ဆောက်ထားဖို့ မလိုအပ်ဘူးလား။

သာသနာတော်နဲ့ ကြုံတွေ့နေတယ်၊ ဘုရားတရားတွေလည်း နာယူခွင့်ရနေတယ်။ အဲဒီအချိန်လေးမှာ ဟိုကိစ္စ ဒီကိစ္စအကြောင်းပြပြီး မလုပ်မိဘူးဆိုရင် ဒီဘဝ ဝေးတာထက် နောင်ဘဝမှာ ပိုဝေးသွားမှာ။ နီးလာမယ်လို့တော့ မအောက်မေ့လေနဲ့၊ ဝေးသွားဖို့ပဲရှိတယ်။ ဘုရားလောင်း အရင့်အမာကြီးတောင် ဘုရားကျောင်းခေါ်လို့ မရဘူးနော်။

http:\\www.dhammadownload.com



သူငယ်ချင်းဆိုတာ ကောင်းတဲ့ဘက်ကို မရရ အောင်ခေါ်တယ်၊ သူက ကဲ- ရေချိုးသွားရအောင် ဆိုတော့ လိုက်တယ်၊ အဲဒီကျတော့ လွယ်လွယ် ကူကူ ရေသွားချိုးတယ်။ ရေချိုးပြီးတဲ့အခါ မြစ်ဆိပ်ကနေ တက်လာတယ်။

ဃဋီကာရ,က ပြောပြန်တယ်။ "သူငယ်ချင်း ဇောတိပါလ၊ ဘုရားကျောင်း ဒီနားနီးနီးလေး၊ တို့သွားရအောင် လိုက်ခဲ့ပါ" "အာ၊ ဘာလို့ လိုက်ရ မှာလဲ၊ မလိုက်ဘူး" ဆိုတော့ ဟိုလူက နောက်ထပ် ထပ်ပြောတယ်၊ "မဟုတ်ဘူး သူငယ်ချင်း၊ ဘုရား ကျောင်း သွားရအောင်ပါ၊ လိုက်ခဲ့ပါ" ဆိုတော့ မလိုက်ဘူး။ မင်းမလိုက်လို့မရဘူးဆိုပြီး ပုဆိုးစကို ဆွဲကိုင်တယ်၊ အဲဒီကျတော့ အဲဒါလည်း ဟိုလူက လက်ကိုတွန်းပြီးတော့ ပုဆိုးစ ဆွဲရုန်းတယ်။ မလိုက် ဘူးတဲ့၊ နောက်တစ်ခါထပ်ခေါ်တယ်၊ ထပ်ခေါ်တဲ့

http:\\www.dhammadownload.com



အခါ ယင်္ဂိုကာရ အိုးထိန်းသည်ကြီးက ခွန်အားဗလ အင်မတန်ကောင်းတာ၊ ဇောတိပါလရဲ့ ဆံထုံးကို ဆွဲပြီး "သူငယ်ချင်း၊ မင်းလိုက်မှာလား၊ မလိုက်ဘူးလား"တဲ့။ အဲဒီလို ဆွဲခေါ်တဲ့အခါ ဘုရားအလောင်းဆိုတော့ စိတ်ဓာတ် အင်မတန်ကောင်းတယ်။

ဘုရားအလောင်းတွေဟာ စိတ်ယုတ်မာ မရှိဘူး၊ အထင်အမြင်လေးတော့ သူတို့မှားချင်မှားနေလိမ့်မယ်။ အဲဒါ ဘုရားအလောင်းတွေရဲ့ အစွမ်းသတ္တိပဲ။ ဆံပင်ဆွဲခေါ်တဲ့အခါကျတော့ တခြားလူဆိုရင် ရန်ဖြစ်မယ်မို့လား၊ "မင်း ငါ့ဆံပင် ဆွဲရမလား၊ စော်ကားလှချည်လား" ဆိုပြီး အဲဒီ နေရာမှာတင်ပဲ ရန်ပွဲဖြစ်တော့မှာ။

ဇောတိပါလ,က ဘယ်လို စဉ်းစားလဲဆိုတော့ "ဪ. . . အိုးထိန်းသည်ဆိုတာ အင်မတန် ဇာတ်နိမ့်တယ်"။ အိန္ဒိယမှာ ဇာတ်နိမ့်လို့ခေါ်တယ်။

http:\\www.dhammadownload.com



ဇာတ်နိမ့်က ဇာတ်မြင့်ကို ထိတောင်မထိရဲဘူး၊ အခုလို ဆံပင်ကိုင်ဖို့ဆိုတာ အဝေးကြီး။ အဲဒီတော့ သူ့စိတ်ထဲမှာ ဘယ်လိုတွေးတုန်းဆိုရင် "ဩော် ငါ့ဆံပင်ဆွဲခေါ်တယ်ဆိုတော့ တကယ့်ကို အကျိုးရှိလို့ဖြစ်လိမ့်မယ်" ဟော သူတွေးပုံက အဲဒီလို တွေးတာ။ မှန်ကန်တဲ့အတွေး။ "သူငယ်ချင်း မင်း ငါ့ဆံပင်တော့ မဆွဲနဲ့၊ လွှတ်၊ ငါလိုက်မယ်"

ဟော . . . လိုက်သွားတယ်၊ ဘုရားဆီလည်း ရောက်ရော ကဿပ မြတ်စွာဘုရားက တရားဟောတယ်။ တရားနာရတော့ ဉာဏ်အင်မတန်ထက်တဲ့ပုဂ္ဂိုလ်ဖြစ်လို့ တစ်ခါတည်း သဘောပေါက်သွားတယ်။ အိမ်ကို မပြန်တော့ဘူး၊ ဘုရားကျောင်းကဆင်းလာတဲ့အခါ ဃဋိကာရကို သူကမေးတယ်။

"သူငယ်ချင်း၊ မင်းဒီတရားတွေ နာနေလျက်သားနဲ့ ဘာလို့ သင်္ကန်းမဝတ်တာတုန်း" ဆိုသော

http:\\www.dhammadownload.com



ယင်္ဂကာရက ပြန်ပြောတယ်။ "သူငယ်ချင်း၊ မင်းလည်းအသိပဲ၊ ငါ့မှာ အဖေအို အမေအို နှစ်ယောက်ရှိတယ်၊ သူတို့က မျက်စိလည်း မမြင်ကြဘူး၊ ငါ မလုပ်ကျွေးရင် ဘယ်သူလုပ်ကျွေးမှာတုန်း၊ အမေ အဖေ လုပ်ကျွေးဖို့အတွက် ငါ သင်္ကန်း မဝတ်နိုင်တာပါ"

"အေး၊ အဲဒါဆိုရင်လည်း ဟုတ်တယ်၊ ငါက တော့ အိမ်မပြန်တော့ဘူး၊ သင်္ကန်းဝတ်တော့မယ်" ချက်ချင်းပဲ ဆုံးဖြတ်ပြီး ဘုရားဆီပြန်ဝင်ပြီး ရဟန်း အဖြစ် ခွင့်တောင်းလိုက်တယ်။ အဲဒီဘဝမှာ ဘုရားလောင်းဟာ ရဟန်းဖြစ်သွားပါတယ်။

ဂေါတမ မြတ်စွာဘုရားအလောင်း ဗျာဒိတ် ခံခဲ့တဲ့ဘုရား (၂၄)ဆူ ရှိတယ်။ ရဟန်းဖြစ်ခဲ့တာ (၉)ကြိမ်ပဲရှိတယ်လို့ ပြောကြတယ်နော်။ ဘုရားနဲ့ တွေ့တဲ့ အကြိမ်ပေါင်း (၂၄)ကြိမ် ရှိခဲ့တယ်ပေါ့။

http:\\www.dhammadownload.com



ဂေါတမ မြတ်စွာဘုရားအလောင်း ဗျာဒိတ် ခံခဲ့တဲ့ဘုရား (၂၄)ဆူ၊ အဲဒီအထဲမှာ ဂေါတမ မြတ်စွာဘုရား ထည့်လိုက်တဲ့အခါမှာ (၂၅)ဆူ မဖြစ် ဘူးလား၊ အဲဒီ(၂၅)ဆူထဲမှာ ဘာထပ်ဖြည့်တုန်း ဆိုတော့ ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ တစ်ကမ္ဘာ တည်းပွင့်တဲ့ ဘုရားသုံးဆူရှိတယ်။ တဏှင်္ကရာ တဲ့၊ သရဏင်္ကရာ တဲ့၊ မေဓင်္ကရာ တဲ့။ ဒီပင်္ကရာ မြတ်စွာ ဘုရားအရင်က တစ်ကမ္ဘာတည်းပွင့်တဲ့ မြတ်စွာ ဘုရားသုံးဆူကို ထပ်ထည့်လိုက်တော့ "**နှစ်ကျိပ် ရှစ်ဆူ**" ဖြစ်တာပေါ့။

အေး . . . ဘုရားအလောင်းများဟာ ကုသိုလ် ကောင်းမှုလုပ်ပြီဆိုရင် ဘယ်တော့မှ တွန့်ဆုတ်မှု မရှိဘူး။ ဒီလို စိတ်ဓာတ်မပြင်းထန်တဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ဆုသာတောင်းနေပေမယ့်လို့ တကယ် လုပ်ရမယ်ဆိုရင် ရွံ့တွံ့တွံ့ ဖြစ်တတ်သေးတယ်။

http:\\www.dhammadownload.com



အဲဒါ ဘာကြောင့်လဲဆိုရင် ဆန္ဒက အဓိပတိ မတပ်ဘူး၊ ဝီရိယကလည်း အဓိပတိ မတပ်ဘူး၊ စိတ်ကလည်း အဓိပတိ မတပ်ဘူး၊ အသိဉာဏ်ကလည်း အဓိပတိ မတပ်ဘူး။

## နိဗ္ဗာန်ဆုတောင်းသူ

သင်္ဂဇာ ဆရာတော်ဘုရားကြီးရဲ့ စကားပုံပေါင်းချုပ်ကျမ်းထဲမှာလာတဲ့ ပုံဝတ္ထုလေးတစ်ခုပေါ့။ သူ့နာမည်က ဈေးတောင်က ကိုမောင်တဲ့။ မန္တလေး ဘုရားကြီးသွားပြီး နေ့စဉ် ဘုရားရှိခိုးကာ အော်ကြီးဟစ်ကျယ် ဆုတောင်းတယ်၊ 'နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရပါရစေ" တဲ့။

အဲဒီလို နေ့တိုင်းအော်အော်ပြီး ဆုတောင်းတဲ့ အခါ တစ်နေ့ကျတော့ သူငယ်ချင်းတစ်ယောက်က "ဒီကောင်တယ်ပြီး နိဗ္ဗာန်ဆု တောင်းပါလား၊

http:\\www.dhammadownload.com



တကယ်လိုချင်တာဟုတ်မဟုတ် ငါစုံစမ်းဦးမယ်”။

တစ်နေ့ကျတော့ သိကြားမင်း အဝတ်အစားတွေ ဆိုင်ကနေ ငှားဝတ်လာပြီး ကြိုတင်ရောက်နှင့်ကာ ဘုရားနောက်က ပုန်းကွယ်နေတယ်။ ကိုမောင် ဘုရားရှိခိုးပြီး ကျယ်လောင် ကျယ်လောင်နဲ့ ဆုတောင်းလိုက်ရာ သိကြားမင်းယောင်ဆောင်တဲ့ သူငယ်ချင်းက ထွက်လာတယ်။

“ဟဲ့ငမောင်၊ ငါသိကြားမင်း၊ မင်း နိဗ္ဗာန်ဆု တောင်းနေတာကြာပြီ၊ အဲဒီတော့ ငါလည်း နတ်ပြည်က အလုပ်ကိစ္စတွေနဲ့မအားလို့ မလာနိုင် ဘူး၊ ဒီကနေ့တော့ မင်းကို နိဗ္ဗာန်ပို့ပေးဖို့ ငါ ဆင်းလာခဲ့ပြီ၊ ကဲ လာသွားကြစို့” ဆိုတော့ ကြောင်ကြည့်နေတယ်။

http:\\www.dhammadownload.com



"သိကြားမင်းကြီး၊ အခုလိုက်ရမှာလား" တဲ့။ "အခုလိုက်ရမှာပေါ့" "အိမ်ပြန်ပြီး ပြောဦးမှဖြစ်မှာ၊ အိမ်ကလူတွေက တော်ကြာ ဘယ်သွားမှန်းမသိ၊ အိမ်ပြန်ပါရစေဦး၊ အိမ်ကအမျိုးသမီးနဲ့ သွားတိုင်ပင်မှဖြစ်မှာ" ဆိုတော့ "အေး၊ သွားတိုင်ပင်၊ ငါ ခုနစ်ရက်ပဲ အခွင့်ပေးမယ်နော်၊ အများကြီး အခွင့်မပေးနိုင်ဘူး၊ နိဗ္ဗာန်ဆိုတာ အင်မတန် ရောက်ရခဲတာ"

အဲဒါနဲ့ အိမ်ပြန်သွားသတဲ့။ အိမ်ပြန်ရောက်တဲ့ အခါကျတော့ အိမ်ကအမျိုးသမီးနဲ့ စကားပြော တယ်။ "ငါ ဒီလိုပဲ ဆုတောင်းတာ၊ ဒီကနေ့တော့ ဆုတောင်းပြည့်ပြီ၊ သိကြားမင်းက နိဗ္ဗာန်ကို လိုက်ခဲ့ လို့ ခေါ်နေတယ်၊ ငါဘယ်လိုလုပ်ရမလဲ" တဲ့။ အမျိုးသမီးက တွန်းတာပေါ့။ "အံမလေး၊ ရှင် ဆုတောင်းပြည့်တာပဲ၊ သိကြားတောင် လာခေါ်မှ

http:\\www.dhammadownload.com



လိုက်သွားပေ့ါ၊ ဘာလို့ပြန်လာရတာလဲ” “ဟ. . . နင်တစ်ယောက်တည်း ဖြစ်ပါ့မလား”တဲ့။ အဲဒီတော့ အိမ်ရှင်မကပြောတယ်၊ “ဖြစ်ပါတယ်၊ ရှင်လိုက်သာ သွား”ဆိုတော့ “နင် စဉ်းစားဦးနော်” တဲ့။ “ဘာမှ စဉ်းစားစရာ မလိုဘူး” “အေး၊ နင်မစဉ်းစားလဲ ငါကတော့ စဉ်းစားရဦးမယ်” လို့ ပြောသတဲ့။

ဟောကြည့်၊ ဇောတိပါလ ဘုရားအလောင်းကျတော့ ချက်ချင်းပဲ ဆုံးဖြတ်လိုက်တယ်။ အိမ်မပြန်တော့ဘဲ ချက်ချင်းသင်္ကန်းဝတ်တယ်၊ ကဿပဘုရားဆီခေါ်တုန်းက သူမလိုက်ချင်ဘူး၊ လိုက်လာပြီးတဲ့အခါ တရားမွေလည်း သိလိုက်ရော ချက်ချင်းဆုံးဖြတ်ပြီး သင်္ကန်းဝတ်သွားတယ်။

ဒီနေရာမှာ ပြောလိုရင်းကတော့ ဃဋီကာရအိုးထိန်းသည်ကြီးဟာ တကယ့်ကို မိတ်ဆွေအစစ်ဖြစ်တယ်။ အဲဒါကြောင့်မို့ ဒီ ဘုရားအလောင်း

http:\\www.dhammadownload.com



ဇောတိပါလ ပုဏ္ဏားကို ဘုရားထံ မရောက်ရောက်အောင် သူခေါ်သွားတာ၊ ကိုယ်ကိုယ်တိုင်က စိတ်ကောင်းရှိတယ်၊ ဃဋိကာရ ကလည်း မိတ်ဆွေစစ်ဖြစ်တယ်၊ ဇောတိပါလ ကလည်း မိတ်ဆွေစစ်ဖြစ်တယ်။ နှစ်ဦးစလုံး မိတ်ဆွေစစ် ဖြစ်ကြသည့်အတွက်ကြောင့် အကျိုးရှိတာ ဖြစ်သွားတယ်ပေါ့။

အဲဒါကိုပြောတာနော်။ ကောင်းတဲ့ဘက်မှာ တိုက်တွန်းပေးတယ်၊ အသစ်အဆန်းတွေကို ပြောပေးတယ်၊ ကောင်းရာဘုံကိုရောက်အောင် ပြောပေးတယ်၊ "**အတ္ထက္ခာယီ**" မိတ်ဆွေတဲ့။

နောက်မိတ်ဆွေက ဘာတုန်းဆိုရင်-

(၄) "**အနုကမ္ပက**" အစဉ် သနားစောင့်ရှောက်တတ်တဲ့ မိတ်ဆွေတဲ့။ သနားစောင့်ရှောက်တတ်တယ်ဆိုတာက ကိုယ့်မိတ်ဆွေတစ်ယောက်ပျက်စီးနေပြီဆိုရင် စိတ်ထဲမှာ ဝမ်းမသာဘူး။ လူ

http:\\www.dhammadownload.com



တွေက တစ်ဖက်သား ပျက်စီးရင် ကြိတ်ပြီးဝမ်းသာ တတ်တယ်နော်။ မိတ်ဆွေတုဟာ ပါးစပ်ကသာ ဝမ်းမသာဘူးပြောပေမယ့် ကြိတ်ပြီး ဝမ်းသာတတ်တယ်။ အေး . . . မိတ်ဆွေကောင်းက ကြီးပွားတိုးတက်နေရင် တကယ်ဝမ်းသာတယ်။ ဆိုလိုတာက "ဣဿာ" မရှိဘူး၊ "မစ္ဆရိယ" မရှိဘူး။

ကိုယ့်မိတ်ဆွေတစ်ယောက်က ကိုယ့်မိတ်ဆွေရဲ့ ဂုဏ်ကျေးဇူးစကားကို ပြောတယ်ဆိုရင် ဖြည့်စွက်ပြီး ပြောပေးတယ်။ တချို့ကျတော့ ချီးမွမ်းစကားပြောလို့ရှိရင် မကြိုက်နိုင်ဘူး၊ မကြိုက်နိုင်တဲ့အခါကျတော့ "မင်းသိတာက ဒါလေးကိုကွ၊ မင်းမသိတာတွေ ရှိသေးတယ်"လို့ ဘာလိုလို ညာလိုလိုနဲ့ စကားထည့်လိုက်သေးတာပဲ။ အဲဒီတော့ မိတ်ဆွေစစ်ဆိုတာမျိုးကျတော့ တကယ့်ကို ကိုယ့်ရဲ့

http:\\www.dhammadownload.com



မိတ်ဆွေအပေါ်မှာ သနားစောင့်ရှောက်တတ်တယ်။

ဟော . . . ပေါင်းလိုက်တဲ့အခါ **"ဥပကာရ"** လို့ခေါ်တဲ့ ကျေးဇူးပြုတတ်တဲ့ မိတ်ဆွေ၊ **"သမာနသုခဒုက္ခ"** လို့ဆိုတဲ့ အေးအတူ ပူအမျှ ဆိုတဲ့ မိတ်ဆွေတွေ၊ **"အတ္ထက္ခာယီ"** ဆိုတဲ့ ကောင်းကျိုးချမ်းသာတွေကို ဟောပြောပေးတတ်တဲ့ မိတ်ဆွေ၊ **"အနုကမ္ပက"** ဆိုတဲ့ အစဉ် သနားစောင့်ရှောက်တတ်တဲ့ မိတ်ဆွေ၊ အဲဒီမိတ်ဆွေမျိုးတွေဟာ တကယ့် မိတ်ဆွေကောင်းဖြစ်ကြပါတယ်။ ကိုယ်ပေါင်းတဲ့ မိတ်ဆွေတွေဟာ အဲဒီလို မိတ်ဆွေမျိုးတွေ ဖြစ်သင့်ပါတယ်။ ဒါကြောင့်မို့ ဒီကနေ့ည ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့တဲ့ တရားဒေသနာတော်တွေထဲကထုတ်ပြီး-

http:\\www.dhammadownload.com



(၁) မိတ်ဆွေအတုဆိုတာ ဘာလဲ၊
(၂) မိတ်ဆွေအစစ်ဆိုတာ ဘာလဲ၊
(၃) မိတ်ကောင်းဆွေကောင်းဆိုတာ ဘာလဲ။

လောကမှာ သံသရာ ကြီးပွားရေးပဲဖြစ်စေ၊ လောကကြီးပွားရေးပဲဖြစ်စေ၊ တရား ဓမ္မနဲ့ ပတ်သက်ပြီး ကြီးပွားရေးပဲဖြစ်စေ မိတ်ဆွေကောင်းနဲ့ ကင်းပြီးတော့ မကြီးပွား၊ မတိုးတက်နိုင်ဘူး။

ဒါကြောင့် မိတ်ကောင်းဆွေကောင်း ဆိုတာ အင်မတန်မှ လိုအပ်တယ်။ အင်အားကြီးလှတဲ့ External condition အပြင်က အကြောင်းတရားဖြစ်တယ်ဆိုတာ လက်ခံပြီး မိမိတို့ကိုယ်တိုင်ကလည်း အများရဲ့ မိတ်ကောင်း ဆွေကောင်းဖြစ်အောင် ကြိုးစားကြဖို့၊ မိမိတို့ ပေါင်းသင်းတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ တကယ့် မိတ်ကောင်း

http:\\www.dhammadownload.com



ဆွေကောင်းတွေဖြစ်ဖို့ အာရုံထားပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဒေါက်တာနန္ဒမာလာဘိဝံသ

http:\\www.dhammadownload.com



[illegible]

[illegible]

[illegible]

http:\\www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ

၏

# ထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း

http:\\www.dhammadownload.com

၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား

http:\\www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင်တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

http:\\www.dhammadownload.com

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်

အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်

အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊

မြေအောက်ထပ်။

ဖုန်း ၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့

လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေ

သင်တန်းကျောင်း

ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၁-၃၈၀၈၈၀

http:\\www.dhammadownload.com

# ဓမ္မစာပေပြန့်ပွားရေး
# ထာဝရပဓာနသောပင် အလှူရှင်များ

| | |
|---|---|
| ၁။ အနန္တဝါးပါးနှင့် ကျေးဇူးရှင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D)တို့ကို ဦးထိပ်ထားလျက် ဘိုးဘွားမိဘဆွေမျိုးများနှင့် ဦးတင်စိုးတို့ကို ရည်စူး၍ ဒေါ်လှခင်မိသားစု။ (ကိုကျော်သင်းဆေးဆိုင်)မင်္ဂလာဈေး။ | ၁၀၀,၀၀,၀၀၀ |
| ၂။ ဦးအုန်းကျော်+ဒေါ်ခင်မမ သား မောင်မြတ်မင်းထင်ကျော်၊ မောင်ရဲမင်းသွင်ကျော် သမီး မကြည်လဲ့ရွှန်းကျော် မိသားစု။ | ၅၀,၀၀,၀၀၀ |
| ၃။ ဦးမြင့်သန်း+ဒေါ်ခင်မမ ရှမ်းပဲမားပွဲရုံ၊ မုံရွာမြို့။ | ၅,၀၀,၀၀၀ |
| ၄။ ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ | ၃,၀၀,၀၀၀ |
| ၅။ Singapore မှ အလှူရှင်များ | ၃,၀၀,၀၀၀ |
| ၆။ ဦးချစ်မွေး+ဒေါ်မြင့်မြင့်ရီ သား မောင်ဝေလျှံဦး။ သမီး မမေမြတ်သူခိုင် မိသားစု | ၃,၀၀,၀၀၀ |

http:\\www.dhammadownload.com

| | | |
|---|---|---|
| ၇။ | ဦးသောင်းဌေး+ဒေါ်ခင်စောဝင်း မိသားစု | ၃,၀၀,၀၀၀ |
| | သား-မင်းသောင်းခန့်၊ ကျော်ညီညီခန့်။ (၇)မိုင်ခွဲ | |
| ၈။ | ဦးညီညီ+ဒေါ်မြင့်မြင့်ခင် မိသားစု၊ အလုံ | ၂,၀၀,၀၀၀ |
| ၉။ | ဦးစံသာ+ဒေါ်မေဦးခင်၊ သမီး - စံသာရတနာ | |
| | သား - မောင်စံသာသုခ မိသားစု။ | ၁,၅၀,၀၀၀ |
| ၁၀။ | ရွှေပြည်ဟိန်းဆရာတော်ဓမေယ်တော်ကြီး ဒေါ်အမာ။ | ၁,၀၀,၀၀၀ |
| ၁၁။ | ဦးမြဟန်+ဒေါ်သီတာစီ မိသားစု။ | ၁,၀၀,၀၀၀ |
| ၁၂။ | ကိုကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် | ၁,၀၀,၀၀၀ |
| | သမီး မမြပန်းအေး၊ မပူးပွင့်ဟန် | |
| ၁၃။ | ဦးအောင်+ဒေါ်လှစိန် | ၁,၀၀,၀၀၀ |
| | အောင်သပြေ ငါးခြောက်ရောင်းဝယ်ရေး မုံရွာမြို့။ | |
| ၁၄။ | ဦးဝင်းမြင့်+ဒေါ်ခင်မေဝင်း | ၁,၀၀,၀၀၀ |
| | နေ-လ ဆေးဆိုင်၊ အလယ်ရပ်၊ မုံရွာမြို့။ | |
| ၁၅။ | ဖခင်ကြီးဦးသိန်းကြည်အား ရည်စူး၍၊ မိခင်ကြီး | |
| | ဒေါ်သန်းကြည်အား အမျှးထားလျက် | |
| | ဒေါ်မြသိန်းနှင့် မောင်နမတစ်စု(ရန်ကုန်) | ၁,၀၀,၀၀၀ |
| ၁၆။ | ဦးရဲမြင့်+ဒေါ်သန်းသန်းနွယ် မိသားစု | ၁,၀၀,၀၀၀ |
| | ကမာရွတ်မြို့နယ်။ | |
| ၁၇။ | ရွှေကောင်ဦးမော့-ဆရာဟော်(စစ်ကိုင်း) | ၁,၀၀,၀၀၀ |

http:\\www.dhammadownload.com

| | |
|---|---|
| ၁၈။ ဒေါ်စိန်းကြည်၊ တူမ မနုနုယဉ်၊ | ၁,၁၁,၀၀၀ |
| တူ မောင်အောင်ဖုန်း | |
| ၁၉။ ဦးကျော်မြင့်အား ရည်စူး၍ | ၁,၀၀,၀၀၀ |
| ဒေါ်သိန်းသိန်းမြင့် မိသားစု၊ ကျောက်မြောင်း။ | |
| ၂၀။ မသန်းသန်းဝင်း၊ မမေသက်ဝေ၊ ရန်ကုန်။ | ၅၀,၀၀၀ |
| ၂၁။ မိခင် ဒေါ်ခင်နှင်းဆီအား ရည်စူး၍ | ၅၀,၀၀၀ |
| ဦးသန်းလွင်နှင့်သမီး မခင်ခင်စု၊ | |
| နင်းစာပေရတနာ ဓမ္မစာပေပြန့်ပွားရေး | |
| ၂၂။ ဦးတင်ထွန်း+ဒေါ်ခင်ခင်ဦး၊ သမီး မခင်ဖြူထွန်း၊ | ၅၀,၀၀၀ |
| သား မောင်သိန်းထွန်းအောင် မိသားစု။ | |
| ၂၃။ ဒေါက်တာနွဲ့တင်ထွဋ် နှင့် အဖွဲ့ | ၅၀,၀၀၀ |
| ၂၄။ ခင်ပွန်း ဦးတင်အောင်နှင့် သမီးငယ် | ၃၀,၀၀၀ |
| မိမိအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစု။ | |
| ၂၅။ ဦးမြင့်သိန်း+ဒေါ်ဆွေဆွေ၊ သမီး ဒေါက်တာသီရိရွှေစင်၊ | ၃၀,၀၀၀ |
| သား-ဒေါင်ဖုန်းပြည့်အောင်မိသားစု | |
| ၂၆။ မသူသူဇင်ဦး၊ ဒေါ်သက်ထား၊ မချိုချိုသိ | ၃၀,၀၀၀ |
| ၂၇။ ဦးလှကြည်+ဒေါ်စောခိုင် မိသားစု | ၃၀,၀၀၀ |
| ၂၈။ ဒေါ်ရွှေသန်း မိသားစု၊ လမ်းမတော်။ | ၃၀,၀၀၀ |
| ၂၉။ ဒေါ်သစ္စဝတီ၊ စစ်ကိုင်း | ၂၀,၀၁၀ |

http:\\www.dhammadownload.com

| | |
|---|---|
| ၃၀။ ဒေါ်သန်းစိန်၊ ဒေါ်အေးအေးသန်း၊ ပြည်တော်သာလမ်း | ၁၁,၀၀၀ |
| ၃၁။ ဒေါ်ရှုဟုန်၊ ဒေါ်နေဇင်ဦး၊ ဒေါ်ကေသီဦး<br>ဒေါ်နန်းကြည်ထွေး မိသားစု။ | ၁၀,၅၀၀ |
| ၃၂။ ဒေါ်မွှေဒီနှာ B.A.Student | ၁၀,၀၀၀ |
| ၃၃။ ဦးကံညွန့်+ဒေါ်ဝင်းကြည် မိသားစု(ရန်ကင်း) | ၁၀,၀၀၀ |
| ၃၄။ မောင်မင်းမင်းသိုက်+မနှင်းခက်မော် မိသားစု | ၁၀,၀၀၀ |
| ၃၅။ ဦးဝင်းဗေသန်း+ဒေါ်ခင်မြတ်နွယ်၊<br>သား-မောင်ဝေဖြိုးသန့် မိသားစု | ၁၀,၀၀၀ |
| ၃၆။ မပိုပို မိသားစု | ၁၀,၀၀၀ |
| ၃၇။ မကြေးမုံမင်းထွင်၊ မောင်ရဲမာန်မင်းထွင် မောင်နမ | ၅,၀၀၀ |
| ၃၈။ ကိုကျော်မြင့်+ဒေါ်ခင်အေးခိုင် မိသားစု။ | ၅,၀၀၀ |